ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်၊ တနင်္လာနေ့၊ (19-9-2005)(၄၇၂၃)

- ❍ ယနေ့ နိုင်ငံတကာကိုကြည့်လျှင် စက်မှုထွန်းကားနေသည့် နိုင်ငံများ ချမ်းသာကြွယ်ဝမှု အားကောင်းနေကြသည်ကို တွေ့မြင်ကြရမှာဖြစ်။
- ❍ မိမိတို့အနေဖြင့်လည်း စက်မှုထွန်းကားသည့်နိုင်ငံတော်အဖြစ် တည်ထောင် ရပ်တည်သွားနိုင်ရေးအတွက် လိုအပ်သည့် အရင်းအနှီးနှင့် အတတ်ပညာရှင်များ ပြည့်စုံရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ။

တပ်မတော်အစိုးရအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များ ထမ်းဆောင်ရင်း ပြည်သူများ လိုလားတောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရေးတာဝန်ကိုပါ ထမ်းဆောင်နေ

နိုင်ငံတော်၏အခြေအနေမှာ ကဏ္ဍတိုင်းတွင် တိုးတက်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီး လက်ရှိအဆင့်ကိုအားပြုလျက် နောက်တစ်ဆင့်တက်လှမ်းနိုင်မည့် အခြေခံကောင်းများဖြစ်ထွန်း

ရန်ကုန် စက်တင်ဘာ ၁၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာကြရာ မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မွန်းလွဲ ၂ နာရီခွဲတွင် ရောက်ရှိကြသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ တိုင်းအဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထား၏ မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲစက်ရုံမှ တီထွင် ထုတ်လုပ်သည့် Hook Coupler, Auto Coupler နှစ်မျိုးစလုံး အသုံးပြုနိုင်သည့် ချိတ်ဆက်များ၊ Damper အစိတ်အပိုင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်အတွင်း ဒေသအသီးသီးတို့ တည်ငြိမ်အေးချမ်းမှုဖြစ်ထွန်းနေ ဌာနဆိုင်ရာများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူများစွမ်းအားရယူဆောင်ရွက် မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တစ်လတစ်ကြိမ်တွေ့ဆုံ ဒေသအကျိုး၊ နိုင်ငံတော်အကျိုးကိုရှေးရှုပြီး ဆန္ဒဖော်ထုတ်ပွဲ ကျင်းပဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် စက်တင်ဘာ ၁၅ရက် နံနက် ၈နာရီတွင် ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအနီးရှိ မြို့ဝင်စံပြကွက်ဧက ၁၀၀ ၌ ကျင်းပသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၂၀၀၅-၂၀၀၆ ခုနှစ် မိုးစပါးစုပေါင်း မြေဩဇာကြဲပက်ခြင်းနှင့် ပေါင်းလိုက်သမန်းနှိုးပွဲသို့ တက်ရောက်အားပေးချီးမြှင့်ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ စိုက်ပျိုးရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို မှာကြားသည်။ စာမျက်နှာ ၅ ကော်လံ ၁ သို့ ❒

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁၉-၉-၂၀၀၅
(တနင်္လာနေ့)

နိုင်ငံတော်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အင်တိုက်အားတိုက် စွမ်းစွမ်းတမံ ပါဝင်ထမ်းရွက်

ယနေ့ကာလသည် နိုင်ငံတော်အစိုးရက နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ပြည်သူတို့၏ ပူးပေါင်းပါဝင်မှု စွမ်းအားဖြင့် ကြိုးပမ်းတည်ဆောက်နေသော အချိန်အခါဖြစ်သည်။ နယ်စပ်ဒေသများ အပါအဝင် ပြည်ထောင်စုတစ်ဝန်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်ဖြင့် စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

ယင်းသို့သော အချိန်အခါကောင်းတွင် တိုင်းရင်းသားညီအစ်ကို တစ်မျိုးသားလုံးသည် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှု လုပ်ငန်းများတွင် အတူလက်တွဲပါဝင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းကြရမည့် အချိန်အခါဖြစ်ပေသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွားကို သယ်ပိုးဖော်ဆောင်ရန် ဖွဲ့စည်းထားသော အမျိုးသားရေးအင်အားစုကြီးဖြစ်သည်။ အသင်းကြီးတွင် နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးကြသူများ၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို အခိုင်အမာတည်ဆောက်လိုသူများ၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို လိုလားသူများ၊ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုသူများဖြင့် ပါဝင်ဖွဲ့စည်းထားသည်။

ထို့ကြောင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် မျိုးဆက်သစ် လူငယ်ထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အင်တိုက်အားတိုက် ပါဝင်သယ်ပိုး ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာရေးကို အလေးထား၍ အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့သည်။ ယင်းကြိုးပမ်းအားထုတ် မှု၏ ရလဒ်အဖြစ် သောင်းကျန်းမှု ချုပ်ငြိမ်းကာ ငြိမ်းချမ်းမှုရရှိလာသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အားပြည့်တိုးတက်ခိုင်မာကြံ့ခိုင်လာပြီး ငြိမ်းချမ်းသာယာသည့် ပတ်ဝန်းကျင်နှင့်အတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန် မြှင့်တင်နိုင်ခဲ့သည်။

နိုင်ငံသူ၊ နိုင်ငံသားများ၏ စားရေး၊ ဝတ်ရေး၊ နေရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အသက်အိုးအိမ်စည်းစိမ်၊ ဂုဏ်သိက္ခာ လုံခြုံမှုရှိရေးတို့သည် အဓိကကျသော လူမှုအခွင့်အရေးလိုအပ်ချက်များဖြစ်သည်။ အဆိုပါ လိုအပ်ချက်များ အပြည့်အဝဖြည့်ဆည်းပေးနိုင်ရေးအတွက် အမျိုးသား စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ဘက်စုံ၊ ကဏ္ဍစုံက ကြိုးပမ်းဖော်ဆောင် လျက်ရှိရာ နိုင်ငံတော်၏စီးပွားရေးသည် နှစ်စဉ်မှန်မှန် တိုးတက်လာလျက် ရှိသည်။

လူမှုရေးကဏ္ဍတွင် နိုင်ငံနှင့်လူမျိုး အဓွန့်ရှည် တည်တံ့ခိုင်မြဲရေး အတွက် အမျိုးဂုဏ်၊ ဇာတိဂုဏ်ထိန်းသိမ်းပြီး မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေး၊ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များနှင့် ဓလေ့ထုံးတမ်း များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေးလုပ်ငန်းများကို နိုင်ငံနှင့်အဝန်း ကြိုးပမ်းဖော်ဆောင်လျက် ရှိသည်။

ယင်းကဲ့သို့ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက် စေရေးအတွက် အဘက်ဘက်က အကောင်အထည်ဖော် ကြိုးပမ်းနေခြင်း သည် အနာဂတ်နိုင်ငံတော်အတွက် ကောင်းသောအမွေခံ ပတ်ဝန်းကျင်ကို ဖန်တီးပေးနေခြင်းဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ကို ကာကွယ်ရန်၊ တည်ဆောက်ရန် အဓိဋ္ဌာန်ပြုထားကြသူ မျိုးဆက်သစ်လူငယ်များအနေဖြင့် နိုင်ငံတော် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည် ဖော် တည်ဆောက်လျက်ရှိရာတွင် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်း များ၌ အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝ ထား၍ အင်တိုက်အားတိုက် စွမ်းစွမ်းတမံ ပါဝင်ထမ်းရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်အတွင်းရှိ သီရိမင်္ဂလာပျော်ဘွယ် ပရိယတ္တိကျောင်းတိုက် သုစိတ္တာရုံပရိယတ္တိစာသင်တိုက်၊ ဘုရားသုံးဆူထေရာရာမ ပရိယတ္တိစာသင်တိုက်နှင့် သာသနာ့ပါရဂူပရိယတ္တိစာသင်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ကမာရွတ်မြို့နယ် ဗဟိုလမ်းရှိ သုစိတ္တာရုံ ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် လေးတိုက်သို့ တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများမှ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းဆက်ကပ်စဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ ပရိယတ္တိ စာသင်တိုက် လေးတိုက်တို့မှ ပဓာန နာယက ဆရာတော်ကြီးများ၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယ ဝန်ကြီးများ၊ဒုတိယမြို့တော်ဝန်၊တပ်မတော် (ကြည်း၊ ရေ၊ လေ)အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာအခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ၍ ဖွင့်လှစ်ပြီး ကမာရွတ်မြို့နယ် သီရိ မင်္ဂလာ ပျော်ဘွယ်ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ဩဘာသထံမှ တိုင်းမှူး နှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါး သီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များက ဆရာတော်သံဃာတော် များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား စစ်ဦးစီး အရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် စစ်ဦးစီးဗိုလ်မှူးကြီး (စက်မှုလက်မှု) (လေ) ဗိုလ်မှူးကြီးချန်မောင်တို့က ဆရာ တော်ကြီးများထံ ဆွမ်းဆန်တော်၊ ဆီနှင့် ပဲတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်းလီမိတက်၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ် ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန မိသားစု၊ ဦးဇေယျာသူရမွန်-ဒေါ်ခိုင်ခိုင်မြင့် မိသား စု၊ စန္ဒီပရဆေးမိသားစု၊ ထွန်းရွှေဝါ ဆေးတိုက်၊ ထက်လင်းဆေးတိုက်၊ ဦးကြည်ဝင်း-ဒေါ်အေးအေးနိုင်(ဆန္ဒမွန် ဆေးတိုက်)၊ မှန်ချိုဆေးတိုက်၊ OK ဆန်၊ ဆီ ရောင်းဝယ်ရေးလုပ်ငန်း၊ ဦးထွန်းမြင့်-ဒေါ်စမ်းစမ်းဦး (ဘုတ်ဆုံမ ငရုတ်သီးမှုန့်ထုတ်လုပ်ရေး) မိသားစု၊ ဦးအောင်ရွှေ (စိန်ခဲ၊ ရွှေခဲ၊ ငွေခဲ င်ပြာရည်လုပ်ငန်း)၊ ဒဂုံဦးတင်ဝင်း- ဒေါ်မြရည်နန္ဒာ မိသားစု၊ ဦးသန်းညွန့်- ဒေါ်ကျင်မေ မိသားစု၊ ဒေါ်သန်းနု မိသားစု အပါအဝင် အလှူရှင်များက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲ၊ တိုင်းရင်းဆေးမျိုးစုံနှင့် လှူဖွယ်ပစ္စည်း များကို ဆရာတော်ကြီးများထံဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် ဆွမ်းပဒေသာပင်များကို လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ငွေကျပ် ၄၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၃၀၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ကမာရွတ် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီက ငွေကျပ် ၃၀၀၀၀၊ ဒေါ်အေးမြတ်နွယ် (ပုဂံဟိုတယ်)က ငွေကျပ် သုံးသိန်းနှင့် Gunkul Engineering Co.,Ltd က ငွေကျပ် သုံးသိန်းတို့ကို တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ထံ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ကမာရွတ်မြို့နယ် ဌာနဆိုင်ရာများက ငွေကျပ် ၂၂၅၅၃၀၊ စန္ဒီပရဆေး(ဦးသိန်းမောင်)-ဒေါ်ပါးပါး မိသားစုက ငွေကျပ် ၂၂၅၀၅၀၊ မြန်မာ ပြည်သားဟော့KNကုမ္ပဏီ ဦးတင်ဝင်း- ဒေါ်စန်းဝင်းမိသားစု၊ BTB ကုမ္ပဏီ ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွန့် မိသားစု နှင့် သမ္မတသက်န်းတိုက် ဦးသန်းနိုင်- ဒေါ်ကြည်ကြည်ဆွေ မိသားစုတို့က ငွေကျပ် နှစ်သိန်းစီတို့ကို သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုထံ ပေးအပ်လှူဒါန်းကြ သည်။

ထို့နောက် ဝင်းရတနာ ခရီးသွား လုပ်ငန်း ဦးတင်အောင်-ဒေါ်လှလှနွယ် မိသားစုနှင့် ကမာရွတ်မြို့နယ် အမှတ် (၃)ရပ်ကွက်နေ စေတနာရှင်ပြည်သူ များက ငွေကျပ် နှစ်သိန်းစီ၊ ကမာရွတ် မြို့နယ်ပညာရေးမှူးရုံးနှင့် ကမာရွတ် မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း မိသားစုတို့က ငွေကျပ် ၁၆၉၃၀၀၊ ဦးသန်းမောင် (ချမ်းမြေ့စတိုး မြောက်ဥက္ကလာပ)က ငွေကျပ် ၁၁၇၀၀၀နှင့် ဦးထွန်းမြင့်- ဒေါ်စမ်းစမ်းဦး (ဘုတ်ဆုံမ ငရုတ်သီးမှုန့် ထုတ်လုပ်ရေး) မိသားစုက ငွေကျပ် ၁၁၀၀၀၀တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်ထံ ပေးအပ်လှူဒါန်း ကြသည်။

ဆက်လက်၍ ဆန်းမြန်မာကုမ္ပဏီမှ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန်မိသားစု၊ ဦးခင်မောင်ထွန်း မိသားစု ထက်လင်း ဆေးတိုက်၊ ဦးထွန်းရွှေ-ဒေါ်သင်းသင်း ဆွေမိသားစု ထွန်းရွှေဝါဆေးတိုက်၊ ရွှေဝင်းကုမ္ပဏီ ဦးနိုင်ဝင်း-ဒေါ်ခင်မိုး ဆွေ မိသားစုနှင့် ဦးလော(ဝ်)ဆန်- ဒေါ်နန်းပျုန်ဟွမ် မိသားစုတို့က ငွေကျပ် တစ်သိန်းစီတို့ကို ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါထံပေးအပ် လှူဒါန်း ကြသည်။

ယင်းနောက် သမားတော်ကြီး ဦးလှ ဌေး-ဆရာမဒေါ်တင်နွယ်ဦး မိသားစု (မှန်ချိုဆေးတိုက်)က ငွေကျပ် ၅၂၀၀၀၊ လူပုံတော်ပတ္တမြား (ဦးအောင်မြင့်)- ဒေါ်ဖြူသီမိသားစု၊ မေမြတ်နိုးစတိုးမှ ဒေါ်အေးအေးသန်း မိသားစု၊ အရပ်ချန်ပီယံဒ်ပေါက်မှ ဦးခင်မောင်မြင့် မိသားစုနှင့် ဦးအေးငွေ (ကောင်းစုဝေ ဆောက်လုပ်ရေး)တို့က ငွေကျပ် ၅၀၀၀၀စီ၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှမိသားစုနှင့် ဒေါက်တာဝင်းနိုင်- ဒေါ်နီလာအေးမိသားစုတို့က ငွေကျပ် ၃၀၀၀၀စီ၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက် အသင်းတို့က ငွေကျပ် ၄၀၀၀၀၊ ဒေါ်မြ သိန်း၊ သား ဦးရန်ရှင်း (ယူနိုက်တက် ဝင်းနား အင်တာနေရှင်နယ် ကုမ္ပဏီ လီတက်)က ငွေကျပ် ၂၅၀၀၀၊ ပြည် မြန်မာကုန်တိုက်မိသားစုက ငွေကျပ် ၆၀၀၀၀နှင့် ကမာရွတ်မြို့နယ် အမှတ် (၁၀)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များက ငွေကျပ် ၁၀၀၀၀တို့ကို စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်းနှင့် တွဲဖက်စစ်ရေး ချုပ် ဗိုလ်ချုပ်လှရွှေတို့ထံ ပေးအပ် လှူဒါန်းကြသည်။

ထို့နောက် စစ်ဦးစီး ဗိုလ်မှူးကြီး (စက်မှုလက်မှု)(လေ) ဗိုလ်မှူးကြီး ချန်မောင်က ဆွမ်းဆန်တော်နှင့် ဆွမ်း ပဒေသာပင် လှူဒါန်းရခြင်း ရည်ရွယ် ချက်များကို ပြောကြားသည်။

ရေစက်သွန်းချအမျှပေးဝေ

ထို့နောက် သုစိတ္တာရုံ ပရိယတ္တိ စာသင်တိုက် ပဓာနနာယကဆရာတော် ဓမ္မကထိက ဘဒ္ဒန္တ ဇာဂရက အနု မောဒနာတရားချီးမြှင့်တော်မူပြီး တိုင်းမှူး နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက် သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ကမာရွတ်မြို့နယ် ပစ္စယာနုဂ္ဂဟဓမ္မစကြာဝတ်ရွတ်အဖွဲ့က အရပ် ၁၀မျက်နှာ ဆုတောင်းမေတ္တာ ပို့သကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း ၍ ရုပ်သိမ်းလိုက်သည်။

ကမာရွတ်မြို့နယ်အတွင်း၌ ပရိ ယတ္တိ စာသင်တိုက်လေးတိုက် တို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစု များနှင့် စေတနာရှင်ပြည်သူများ၏ ယနေ့လှူဒါန်းမှု အစုစုမှာ ဆွမ်းပဒေသာ ပင် ငွေကျပ် ၃၅၁၈၈၈၀နှင့် ဆွမ်းဆန် တော် ၁၅၁အိတ်၊ ဆီ၁၄၅ ပိဿာ၊ ပဲ ၅၅ပိဿာ၊ အိုင်အိုဒင်းဆား ၃၇၄ပိဿာ၊ သွားတိုက်ဆား ၆၁ဘူး၊ တိုင်းရင်းဆေး မျိုးစုံ ၃၀၂၁ဘူး၊ ဘုတ်ဆုံမ ငရုတ်သီးမှုန့် ထုပ် ၄၈၀၊ ငါးခြောက် ၁၅၂ပိဿာ၊ စိန်ခဲ၊ ရွှေခဲ၊ ငွေခဲ တံဆိပ် င်ပြာရည် ဘူးများ၊ ပဒုမ္မာဆပ်ပြာမွှေး ၃၀၄ခဲနှင့် ဆပ်ပြာတောင့် ၃၀၄တောင့်တို့ ဖြစ်သည်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင်လှူဒါန်းပွဲ တက်ရောက်ကြည့်ညိုပြီး လှူဖွယ်ပစ္စည်းများဆက်ကပ်

ဆွမ်းပဒေသာပင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်းရှိ စာသင်တိုက် ၁၅တိုက်နှင့် သီလရှင်စာသင်တိုက်တစ်တိုက် တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူ များ၏ ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် လှူဒါန်းပွဲ အခမ်းအနားတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ဆွမ်း ပဒေသာပင် အလှူတော်ငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်းရှိ စာသင်တိုက် ၁၅တိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့်စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက်ရှိ ရွာမပရိယတ္တိစာသင်တိုက် အာဟာရ ဒါယီဆွမ်းစားကျောင်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည့်ညိုပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည့်ညို

အခမ်းအနားသို့ အင်းစိန်မြို့နယ် အတွင်းရှိ ပရိယတ္တိစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့မှ ဆရာတော် သံဃာတော်များနှင့် သီလရှင် ဆရာကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ သာသနာရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)အရာရှိ ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင် များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့ဝင် များနှင့် အလှူရှင်များ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော ၍ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင် အင်းစိန်မြို့နယ် ရွာမ ပရိယတ္တိစာသင်တိုက် တိုက်အုပ် ဆရာ တော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ တိလောကာဘိဝံသထံမှ အတွင်းရေးမှူး (၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များ၊ ပရိသတ်များ က ငါးပါးသီလ ခံယူဆောက်တည် ကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များ သည် ဆရာတော် သံဃာတော် အရှင် သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြ သည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် က နိုင်ငံတော် ဩဝါဒါစရိယ ရွာမ ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နန္ဒာဝံသ အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်နှင့် ဒုတိယဝန်ကြီးများ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများက ဆရာတော် သံဃာ တော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများလှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ပဲများကို တပ်မ တော် (ကြည်း၊ ရေ၊ လေ) မိသားစုများ ကိုယ်စား စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ တွဲဖက်စစ်ရေး ချုပ် ဗိုလ်ချုပ်လှရွှေနှင့် စစ်ဦးစီး ဗိုလ်မှူးကြီး (လေ) ဗိုလ်မှူးကြီးနေဝင်း တို့က ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာတော်ကြီးများထံဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေက ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော်များကို လည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က သာသနာရေးဝန်ကြီး ဌာနက လှူဒါန်းသော ဆွမ်းဆန်တော် များကိုလည်းကောင်း၊ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက လှူဒါန်းသော ဆွမ်းဆန် တော်များကိုလည်းကောင်း ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်း ကြသည်။

ထို့နောက် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ် ရေးလုပ်ငန်း၊ မြန်မာ့စီးပွားရေး ဦးပိုင် လီမိတက်၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဦးငြိမ်း- ဒေါ်အုံးကျင် (အိုကေ ဆန်ရောင်းဝယ် ရေး)၊ အကျဉ်းဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးဇော်ဝင်း၊ (ဦးသိန်းမောင်)- ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)၊ အင်းစိန်မြို့နယ် ဆန်ကုန်သည်များ၊ ဦးထွန်းရွှေ - ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါဆေးတိုက်)၊ ဦးခင်မောင် ထွန်း (ထက်လင်းဆေးတိုက်)၊ သီဟ သုခမ္မမဏ်ဇောတရေ ဒဂုံဦးတင်ဝင်း- ဒေါ်မြရည်နန္ဒာ၊ ဦးဝေလွင်-ဒေါ်ခင်ဇာ အောင် (ပတ္တမြား ၈၄၀၊ အဘယသုခ ဆေးတိုက်)၊ ဦးထွန်းမြင့်-ဒေါ်စမ်းစမ်း ဦး (ဘုတ်ဆုံမ ငရုတ်သီးမှုန့် ထုတ်လုပ် ရေး)၊ အာရှကြီးပွားတိုးတက်ရေး ကုမ္ပဏီနှင့် ဦးမျိုးအောင် (အတွင်း ရေးမှူး၊ မြန်မာ့ရေထွက်ပစ္စည်း ထုတ် လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များ အသင်း) တို့က ဆရာတော်ကြီးများထံ ဆွမ်း ဆန်တော်၊ ဆီ၊ ဆား၊ တိုင်းရင်း ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်းရှိ စာသင်တိုက် ၁၅တိုက်နှင့် သီလရှင်စာသင်တိုက်တစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်လှူဒါန်းပွဲ အခမ်းအနားတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများကိုယ်စား စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ် ဉာဏ်ထွန်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် စစ်ဦးစီး ဗိုလ်မှူးကြီး (လေ) ဗိုလ်မှူးကြီးနေဝင်းတို့က သီလရှင်ဆရာကြီးထံ ဆွမ်းဆန်တော်၊ ဆီ၊ ပဲတို့ကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဆွမ်းပဒေသာပင်

ယင်းနောက် အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်ထံ ဆွမ်းပဒေသာပင်အတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက ငွေကျပ် တစ်သိန်း ခြောက်သောင်း၊ ရန်ကုန်တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ရှစ်သောင်း၊ ရန်ကုန်မြောက် ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီက ငွေကျပ်ရှစ်သောင်း၊ ရွှေပြည်သာစက်မှုဇုန် (၄)ရှိ Asia Metal Co.,Ltd. က ငွေကျပ် ၁၀ သိန်းနှင့် သီရိသုဓမ္မသိင်္ဂီဒေါ်အေးမြတ် နွယ် (ပုဂံဟိုတယ်)က ငွေကျပ် ၁၀သိန်း တို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ မြန်မာပြည်သား ဟော့ကေအင်န်ကုမ္ပဏီက ငွေကျပ် သုံးသိန်း၊ ဘီတီဘီကုမ္ပဏီ၊ ဝင်း ရတနာခရီးသွားလုပ်ငန်း၊ သမ္မတ သင်္ကန်းတိုက်နှင့် ဘုတ်ဆုံမငရုတ်သီးမှုန့် ထုတ်လုပ်ရေးတို့က ငွေကျပ် နှစ်သိန်းစီ၊ သပြေညို အိမ်ရာဆောက်ပစ္စည်းရောင်း ဝယ်ရေးက ငွေကျပ်ငါးသိန်း၊ ဆန်း မြန်မာကုမ္ပဏီက ငွေကျပ် တစ်သိန်း ငါးသောင်း၊ ထွန်းရွှေဝါဆေးတိုက်နှင့် ထက်လင်းဆေးတိုက်တို့က ငွေကျပ် တစ်သိန်းစီ၊ စန္ဒီပရဆေးတိုက်က ငွေ ကျပ် ၂၂၅၀၅၀၊ (ဦးအောင်မြင့်)- ဒေါ်ဖြူသီ (လူပုံတော်ပတ္တမြားဆေး တိုက်)က ငွေကျပ်ငါးသောင်း၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှက ငွေ ကျပ်၅၅၀၀၀၊ ဦးလှကြီး (ပေါက်တော ရပ်ကွက်) က ငွေကျပ်ငါးသောင်း၊ ဦးအေးသိန်းမိသားစု (ပိန္နဲကုန်း)က ငွေ ကျပ်ငါးသောင်း၊ မြန်မာနိုင်ငံ ဆီ ကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း က ငွေကျပ်ရှစ်သောင်း၊ ဦးချစ်ဟန်- ဒေါ်မြကြည် (အင်းစိန်)က ငွေကျပ် တစ်သိန်းခြောက်သောင်း၊ ဝင်းနား ကုမ္ပဏီလီမိတက်က ငွေကျပ် ငါးသောင်း၊ မြန်မာနိုင်ငံ ဆန်ကုန်သည် များအသင်းက ငွေကျပ်တစ်သိန်း ခြောက်သောင်း၊ အင်းစိန်မြို့နယ် ဆီကုန် သည်များအဖွဲ့က ငွေကျပ် ခုနစ်သိန်း ခြောက်သောင်း၊ ရွှေပြည်သာ စက်မှု ဇုန်(၄) မြန်မာ့အားမာန် မော်တော် ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီက ငွေကျပ် သုံးသိန်း၊ အင်းစိန်မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာများက ငွေကျပ်၂၃၆၀၀၀၊ ဦးအုန်းလှိုင်-ဒေါ်ခင်အေးလှိုင် (နံ့သာ ကုန်း) က ငွေကျပ်တစ်သိန်း ခြောက်သောင်း၊ ဇင်ထက် အိမ်ဆောက် ပစ္စည်းရောင်းဝယ်ရေးက ငွေကျပ် တစ်သိန်းခြောက်သောင်း၊ ဂျမ်ဘို ခြင်ဆေးခွေစက်ရုံက ငွေကျပ် ငါးသောင်း၊သစ်တော်ဦးစီးဌာန(ရုံးချုပ်) က ငွေကျပ်ငါးသောင်းနှင့် မြန်မာ့ အေးဂျင့်ငါးလုပ်ငန်းက ငွေကျပ် ငါးသောင်း အပါအဝင် အလှူရှင်များက အလှူငွေကျပ် ၇၀၅၂၅၅၀ကို ပေးအပ် လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်၊ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီး မောင်ပါ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်းနှင့် တွဲဖက် စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေတို့က စာသင်တိုက်များကိုယ်စား အလှူငွေများ ကို လက်ခံကြသည်။

ထို့နောက် ဆွမ်းဆန်တော်နှင့် ဆွမ်း ပဒေသာပင် လှူဒါန်းရခြင်း၏ ရည်ရွယ် ချက်ကို စစ်ဦးစီး ဗိုလ်မှူးကြီး (လေ) ဗိုလ်မှူးကြီးနေဝင်းက လျှောက်ထား သည်။

အမျှပေးဝေ

ယင်းနောက် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ဝင် ရွာမ ပရိယတ္တိ စာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာ ဘိဝံသ ဆရာတော်ထံမှ အတွင်းရေး မှူး(၁)၊ စစ်ရေးချုပ်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ရွာမအရှေ့ရပ်ကွက်နှင့် ဖော့ကန်ရပ်ကွက် ဝတ်အသင်းများက အရပ် ၁၀မျက်နှာ ဆုတောင်းမေတ္တာ ပို့သကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ လှူဒါန်းမှုအစုစုတို့မှာ ဆွမ်း ဆန်တော် ၄၅၂ အိတ်၊ ဆီ ၂၉၉ ပိဿာ၊ ပဲ ၆၇၈ ပိဿာ၊ အိုင်အိုဒင်းဆား ၁၉၃၉ ပိဿာ၊ သွားတိုက်ဆား ၃၈၈ ဘူး၊ ဆေးမျိုးစုံ ၃၈၂၈ ဘူး၊ ဆပ်ပြာ ၃၉၈၂တောင့်၊ငါးခြောက်၁၀၉၅ပိဿာ၊ ခေါက်ဆွဲခြောက်အထုပ် ၆၀၊ ငရုတ်သီး မှုန့် အထုပ် ၁၉၂၀နှင့် ဆွမ်းပဒေသာပင် အလှူငွေ စုစုပေါင်းမှာ ငွေကျပ် ၇၀၅၂၅၅၀ ဖြစ်သည်။ (သတင်းစဉ်)

ကာရိုလိုင်းနားကမ်းခြေမြောက်ပိုင်းတွင် အော်ဖီလီယာ ဟာရီကိန်းမုန်တိုင်း ကျရောက်

ရာလီ (မြောက်ကာရိုလိုင်းနား) စက်တင်ဘာ ၁၇

အမေရိကန်နိုင်ငံ ကာရိုလိုင်းနားကမ်းခြေမြောက်ပိုင်းတွင် အော်ဖီလီယာဟာရီကိန်းမုန်တိုင်း အဖျားပိုင်းကျရောက်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး လေပြင်းမုန်တိုင်းများ ကျရောက်ခဲ့သည်။ ထိုမုန်တိုင်းသည် နောက်ထပ်နှစ်ရက်ကြာ တိုက်ခတ်ပြီးနောက် အင်အားလျော့နည်းသွားကာ ရွေ့လျားသွားမည်ဟု မိုးလေဝသခန့်မှန်းသူများက စနေနေ့တွင် ပြောကြားသည်။

နံနက် ၈နာရီခန့်တွင် ဟာရီကိန်း မုန်တိုင်း၏ ဗဟိုချက်သည် ကာရိုလိုင်းနားပြည်နယ်မြောက်ဘက်ဝမ်လ်မင်တန်ဒေသ တောင်ဘက်မိုင် ၆၀ ခန့်ကို ဗဟိုပြု တိုက်ခတ်ခဲ့သည်။ ဗုဒ္ဓဟူးနေ့တွင် မုန်တိုင်းသည် အဆိုပါပြည်နယ်၏ အရှေ့တောင်ဘက်သို့ ဖြတ်သန်းသွားမည်ဟု ခန့်မှန်းခဲ့သော်လည်း မြောက်ဘက်နှင့်အရှေ့မြောက်ဘက်သို့ရွေ့လျားသွားခဲ့သည်။ ထို့နောက် မုန်တိုင်းသည် မြောက်ဘက် ကမ်းခြေတစ်လျှောက်ရှိ ကျွန်းများအနီးသို့ ကြာသပတေးနေ့တွင် ဖြတ်သန်းသွားမည်ဖြစ်သည်။

ကာရိုလိုင်းနား မြောက်ပိုင်းတစ်လျှောက်တွင် ဟာရီကိန်းမုန်တိုင်း ကျရောက်မည်ဖြစ်ကြောင်း မီယာမီဒေသရှိ အမျိုးသားဟာရီကိန်းဌာနက သတိပေးချက် ထုတ်ပြန်ခဲ့သည်။

မုန်တိုင်း၏ လေတိုက်ခတ်နှုန်းသည် တစ်နာရီလျှင် မိုင် ၈၀နှုန်းဖြင့် အမြင့်ဆုံးတိုက်ခတ်ခဲ့ပြီး ကုန်းတွင်းပိုင်းသို့ မရောက်မီ အင်အားလျော့နည်း သွားနိုင်သည်ဟု အဆိုပါဌာနက ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ထိုင်းနိုင်ငံတွင် ရေလွှမ်းမိုးနိုင်

ဗန်ကောက် စက်တင်ဘာ ၁၉

ဗီယက်နမ်နိုင်ငံမှ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ကို ဖြတ်သန်းကာ ရွေ့လျားလာနေသော အပူပိုင်းလေဖိအားနည်းရပ်ဝန်းကြောင့် ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်တွင် နောက်ထပ် မိုးရွာသွန်းမှုများ ဖြစ်ပွားနိုင်ပြီး ရေလွှမ်းမိုးနိုင်သည့် အခြေအနေနှင့် ရင်ဆိုင်နေရသည်။

ထိုင်းနိုင်ငံမြောက်ပိုင်း၊ အရှေ့မြောက်ပိုင်းနှင့်အရှေ့ပိုင်းဒေသတို့ရှိ ပြည်နယ် ၁၁ ပြည်နယ် ထက်မနည်းတို့တွင် မိုးသည်းထန်စွာ ရွာသွန်းနိုင်ပြီးရေလွှမ်းမိုးမှုများ ပေါ်ပေါက်ဖွယ်ရှိကြောင်း၊ လေဖိအားနည်းရပ်ဝန်းသည် ထိုင်းနိုင်ငံ၏ကုန်းတွင်းပိုင်းမှသည် ပင်လယ်ဘက်ဆီသို့ ဦးတည် ရွေ့လျားလာနေခြင်းဖြင့် ထိုင်းပင်လယ်ကွေ့တွင်ရော၊ ကပ္ပလီပင်လယ်တွင်ပါ လာမည့်သုံးရက်၊ သို့မဟုတ် လေးရက်အတွင်းမုန်တိုင်းတိုက်ခတ်နိုင်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ နာရဝမ်မြို့တွင် ကားဗုံးဖောက်ခွဲ လူ ၃၀ သေဆုံး၊ ၃၈ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် စက်တင်ဘာ ၁၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၏ အရှေ့ဘက်ရှိ မြို့တစ်မြို့တွင် စနေနေ့က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လူ ၃၀ သေဆုံးပြီး ၃၈ဦး ဒဏ်ရာရရှိကြောင်း ရိုက်တာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဘဂ္ဂဒက်မြို့မှ ၄၅ကီလိုမီတာ(မိုင်၃၀)အကွာရှိ နာရဝမ်မြို့တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားကြောင်း၊ လူ ၃၈ ဦးလည်း ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းဗုံးပေါက်ကွဲမှုမှာ အသေခံဗုံးဖောက်ခွဲမှုမဟုတ်ကြောင်း၊ မြေကွက်လပ်၏ အလယ်နေရာတွင် ကားတစ်စီးရပ်နားထားကြောင်း၊ ထို့နောက်ပေါက်ကွဲသွားကြောင်း ၎င်းကပြောကြားသည်။

စနေနေ့စောစောပိုင်းကလည်း သီးခြားဖြစ်ရပ်သုံးခုကြောင့် ဦးခေါင်းနှင့် ရင်ဘတ်တွင် သေနတ်ဒဏ်ရာများဖြင့် သေဆုံးနေသည့် လူကိုးဦးကို ဘဂ္ဂဒက်မြို့တွင် ရဲတပ်ဖွဲ့က တွေ့ရှိခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားရာနေရာ၌ လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မငြိမ်မသက်ဖြစ်နေသော ဘဂ္ဂဒက်မြို့တွင် ပစ်ခတ်မှုများဖြစ်ပွား ပွဲတော်သို့ သွားနေသော လူအုပ်အတွင်းသို့ ပစ်ခတ်၍ သုံးဦးသေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၁၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် စက်တင်ဘာ ၁၅ ရက်က ရဲသားတစ်ဦးအပါအဝင် လူလေးဦးအသတ်ခံရကြောင်း ရဲတပ်ဖွဲ့သတင်းများက ဖော်ပြသည်။

ပစ်ခတ်

သေနတ်သမားတစ်စုသည် အီရတ်နိုင်ငံတောင်ပိုင်း၌ ပွဲတော်ကျင်းပနေသည့် ကာဘာလာမြို့ဆီသို့ သွားနေသော လူအုပ်တွင်းသို့ ပစ်ခတ်ခဲ့သည့်အတွက် လူသုံးဦးသေဆုံးသွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ အမည်မဖော်လိုသူ အရာရှိတစ်ဦးက ပြောကြားသည်။ ထိုပစ်ခတ်မှုမှာ ဘဂ္ဂဒက်မြို့သစ်အရပ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သေဆုံး

ဘဂ္ဂဒက်မြို့ မြောက်ဘက်ရလာမြို့၌လည်း လက်ပြန်ကြိုးတုပ်ထားခြင်းခံရသူ သုံးဦးကို ဦးခေါင်းတွင် သေနတ်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို ရဲတပ်ဖွဲ့က တွေ့ရှိခဲ့ကြသည်။

အခြားအဖြစ်အပျက်တစ်ခု၌ လည်း ရဲတပ်ဖွဲ့နှင့် သေနတ်သမားများသည် အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့ကြသည်။

ဘဂ္ဂဒက်တောင်ပိုင်း ဆာဒီရာမြို့တွင် ဖြစ်ပွားသော အဆိုပါပစ်ခတ်မှုအတွင်း ဒဏ်ရာပြင်းထန်စွာရရှိခဲ့သော ရဲတပ်ဖွဲ့ဝင်မှာ ရာမောက်ဆေးရုံတွင် သေဆုံးသွားကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဇမ်ဘီယာနိုင်ငံတွင် ဆင်စွယ်မှောင်ခို သောင်းကျန်း

လူဆာကာ စက်တင်ဘာ ၁၇

ဇမ်ဘီယာနိုင်ငံတွင် ဆင်စွယ် တရားမဝင် ရောင်းဝယ်မှုကို နှိမ်နင်းရန် ကြိုးပမ်းနေသည့်ကြားမှပင် ဆင်စွယ်မှောင်ခိုလုပ်ငန်းမှာ တွင်ကျယ်လျက်ရှိကြောင်း ဇမ်ဘီယာတောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေး အာဏာပိုင်အဖွဲ့(ဇာဝါး)က စက်တင်ဘာ ၁၅ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

လွန်ခဲ့သော သုံးလက ဇမ်ဘီယာ အာဏာပိုင်များသည် တရားမဝင်ရောင်းဝယ်နေသော မှောင်ခိုဆင်စွယ်အချို့ကို သိမ်းဆည်းနိုင်ခဲ့ပြီး ထိုလုပ်ငန်းနှင့် ဆက်နွှယ်နေသူများကိုလည်း ထိန်းသိမ်းနိုင်ခဲ့ကြသည်။ သို့ရာတွင် နိုင်ငံအနှံ့အပြား အထူးသဖြင့်အရှေ့ပိုင်းပြည်နယ်များတွင် တရားမဝင်ရောင်းဝယ်နေသော ဆင်စွယ်အများအပြား ကျန်ရှိနေသေးကြောင်း ထောက်လှမ်းသိရှိရသည်ဟု ဇာဝါးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ကာဘီတာ တာပင်ဂါက သတင်းထောက်များအား ပြောကြားသည်။

ဆင်စွယ် တရားမဝင်မှောင်ခိုမှုကို နှိမ်နင်းမည်ဆိုပါက သက်ဆိုင်သော အဖွဲ့အစည်းများနှင့် နိုင်ငံအားလုံးအနေဖြင့် ညီညီညွတ်ညွတ် စုပေါင်းလုပ်ဆောင် ကြရန်လိုအပ်ကြောင်း ဇာဝါးအဖွဲ့မှ အရာရှိက ပြောကြားသည်။

ဇမ်ဘီယာနိုင်ငံတွင်ဖမ်းဆီးရမိသော ဆင်စွယ်များသည် ဇမ်ဘီယာနိုင်ငံသားများနှင့် နိုင်ငံခြားသားများ ပါဝင်ပတ်သက်နေသည်ကို ညွှန်ပြနေသည်။ ထို့ကြောင့် ယင်းကဲ့သို့ ရှုပ်ထွေးသော သဘောရှိသည့် ဆင်စွယ် မှောင်ခိုအရောင်းအဝယ်လုပ်ငန်းကို နှိမ်နင်းရန်ကိစ္စမှာ ဇမ်ဘီယာတစ်နိုင်ငံတည်းနှင့် နိုင်နင်းမည်မဟုတ်သဖြင့် သက်ဆိုင်သူအားလုံး ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်ကြောင်း တာဝန်ရှိသူက ထုတ်ဖော်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ တပ်ခိုမာတိုနီမြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားတစ်စီးအား ဒေသခံများ ကြည့်ရှုနေသည်ကို စက်တင်ဘာ ၁၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာသတင်းများ

အီရတ်အနောက်ပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွား အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၁၇

အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာဒေသတွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က စက်တင်ဘာ ၁၆ ရက်တွင် ထုတ်ပြန်ကြေညာသည်။

သေဆုံး

မရိန်းတပ်ဖွဲ့ဝင်သည် ရာမာဒီမြို့ ရှေ့တန်းစခန်း၌ရှိနေစဉ် စက်တင်ဘာ ၁၅ ရက်က သေဆုံးခြင်းဖြစ်သည်။ ၎င်းသည် တိုက်ရိုက်ပစ်ခတ်မှုမဟုတ်သော ပေါက်ကွဲမှုကြောင့် သေဆုံးခြင်းဖြစ်သည်ဟု အမေရိကန်စစ်ဘက် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၎င်းတပ်ဖွဲ့ဝင်သေဆုံးရသည့်ကိစ္စကို ဆွေမျိုးသားချင်းများထံ အကြောင်းကြားဆဲဖြစ်သည့်အတွက် အမည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးဟု ဆိုသည်။

၁၉၀၀ နီးပါး

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များက အီရတ်ကို စတင်ကျူးကျော်တိုက်ခိုက်သည့် ၂၀၀၃ ခုနှစ် မတ်လမှ ယနေ့အထိကာလအတွင်း အီရတ်တွင် ဖြစ်ပေါ်သော တိုက်ခိုက်မှုများကြောင့် သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၁၉၀၀ နီးပါးရှိသွားပြီဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အမေရိကန် စစ်ယာဉ်တန်းအနီး ကားဗုံးဖောက်ခွဲ ဟမ်းဗီးယာဉ်တစ်စီး ပျက်စီး

ဘဂ္ဂဒက် စက်တင်ဘာ ၁၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အရှေ့ပိုင်းတွင် စက်တင်ဘာ ၁၆ ရက်က အမေရိကန် စစ်ယာဉ်တန်းဖြတ်သွားခိုက် ကားဗုံးတစ်လုံး ပေါက်ကွဲသွားသည့်အတွက် အမေရိကန်ဟမ်းဗီး စစ်ယာဉ်တစ်စီးပျက်စီးသွားကြောင်း ရဲတပ်ဖွဲ့မှ လာသောသတင်းများအရ သိရသည်။

ဖောက်ခွဲ

ပေါက်ကွဲစေတတ်သော ပစ္စည်းများ တင်ဆောင်ထားသည့်ကားကို အယ်လ်ကာနက်ဖ် အဝေးပြေးလမ်းမပေါ်တွင် ရပ်ထားပြီး အမေရိကန်စစ်ဘက်ယာဉ်တန်း ဖြတ်လာသည့်အချိန်တွင် အဝေးထိန်းခလုတ်ဖြင့် ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။ ထိုပေါက်ကွဲမှုကြောင့် ဟမ်းဗီးယာဉ်တွင် လိုက်ပါလာသူအားလုံး သေဆုံး သို့မဟုတ် ဒဏ်ရာရရှိသွားကြရကြောင်း ရဲအရာရှိ အာမက် အဒူလာက ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

ဆက်တိုက်ဖြစ်ပွား

ယခုရက်ပိုင်းအတွင်းတွင်အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲမှု တစ်ဒါဇင်ကျော်မျှ ဆက်တိုက်ဖြစ်ပွားလျက်ရှိသည်။ ထိုပေါက်ကွဲမှုများကြောင့် အနည်းဆုံး လူ ၁၆၀ ကျော် သေဆုံးပြီး ၅၇၀ ခန့် ဒဏ်ရာရရှိသွားကြောင်း သတင်းများက ဖော်ပြကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

❐ ရှမ်းပြည်နယ်မှ

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံ ဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မင်းအောင်လှိုင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)နယ်မြေတာဝန်ခံ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌများ၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှူ ကော်မတီဝင်များ၊ ယန်လောကျေးရွာအုပ်စုမှ ဒေသခံတိုင်းရင်းသား တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း တွဲဖက် ပြည်နယ်မန်နေဂျာ ဦးမြင့်သိန်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် ၁၀မြို့နယ်တို့တွင် ဒေသခံတောင်သူများအား အထွက်ကောင်းမျိုးနှင့် နည်းပညာများ ဖြန့်ဝေပေးနိုင်ရန် မြို့ဝင်မြို့ထွက်များ၌ ဧက ၁၀၀စီ သတ်မှတ်၍ စုစုပေါင်း မြေဧက၂၀၁၀တွင် စိုက်ပျိုးရေးနည်းလမ်း လေးသွယ်ဖြင့် စံနမူနာပြ ပညာပေး ဆောင်ရွက်နေမှု၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ဒေသ၏ ရာသီဥတုနှင့် ကိုက်ညီသည့် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကို အချိုးကျကျပေါင်းစပ် အသုံးပြုတတ်စေရန် နည်းလမ်းပေးနေမှု၊ အောင်စေ့အောင်နှံဖြင့် ကောက်ကွက်များများစိုက်စေပြီး အထွက်နှုန်း ကောင်းစေရန် ပျိုးသက်နုနုဖြင့် ဒေသ၏လိုအပ်ချက်ဖြစ်သည့် ကျောက်မှုန့်များ မဖြစ်မနေ ထည့်သွင်းစိုက်ပျိုးရန် ပညာပေးနေမှု အခြေအနေတို့ကိုလည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တစ်ခုလုံး၏ အဓိက သီးနှံ ၁၀မျိုးနှင့် နှစ်ရှည်သီးနှံများ စိုက်ပျိုးမှုအခြေအနေတို့ကိုလည်းကောင်း အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ဒေသဆန်ဖူလုံမှု ပိုလျှံမြင့်မားလာစေရန် တစ်နှစ်ပြီးတစ်နှစ် စွမ်းအားမြှင့်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လယ်စပါး၊ ယာစပါးနှင့် တောင်ယာစပါးအပါအဝင် မိုးစပါးစိုက်ပျိုးမှုအားလုံးကို ပျမ်းမျှတစ်ဧကလျှင် ၇၁ တင်းနှုန်း ထွက်ရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘာဝမြေဩဇာရရှိရေးအတွက် ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားတောင်သူများ၏ မွေးမြူရေးလုပ်ငန်းများ၌ လွှတ်မွေး၊ လှမ်းမွေး၊ လှောင်မွေးစနစ်ဖြင့် မွေးမြူနေရာမှ ခြံဖြင့် စနစ်တကျ မွေးမြူရန် ပညာပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးရေ ရရှိရေးအတွက် စီမံချက်ရေးဆွဲ ဆောင်ရွက်လျက်ရှိပြီး မိုးစပါး၊ နွေစပါးသာမက ဒေသတွင်လိုအပ်နေသည့် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူးနှင့် ပဲပုပ်တို့ကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြည့်စွက်ရှင်းလင်း တင်ပြသည်။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျိုင်းတုံမြို့ မဟာမြတ်မုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီး၊ အမွှေးနံ့သာများ ကပ်လှူပူဇော်ကာ ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျိုင်းတုံမြို့ မြို့လယ် သာသနာ့ဗိမာန်တော်ကြီး၌ ကျိုင်းတုံမြို့ပေါ်ရှိ ဆရာတော် သံဃာတော်များနှင့် ဘုန်းတော်ကြီးကျောင်း ကိုးကျောင်းတို့အား ဆွမ်းဆန်တော်လှူဒါန်းပွဲတွင် ဆရာတော် ဘဒ္ဒန္တခေမာစာရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)အား လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆွေးနွေးမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ဆွေးနွေးမှာကြားရာတွင် နိုင်ငံတော်၏ စီးပွားရေးသည် စိုက်ပျိုးရေး လုပ်ငန်းအပေါ်တွင် အဓိက တည်မှီလျက်ရှိကြောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံဒေသသည် စိုက်ပျိုးရေးလုပ်ငန်းများ အထိုက်အလျောက် ဖြစ်ထွန်းအောင်မြင်လျက်ရှိပြီး ဒေသဝမ်းစာဖူလုံမှုမှာ ၁၂၉ ဒသမ ၁၁ရာခိုင်နှုန်းရှိကြောင်း၊ နိုင်ငံတော်မှချမှတ်ပေးထားသော အဓိကသီးနှံ ၁၀မျိုးအနက် မတ်ပဲနှင့် ပဲတီစိမ်းမှအပ ကျန်ရှစ်မျိုးကို စီမံကိန်းလျာထားချက်ထက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့သည်ဖြစ်ရာ ဒေသခံပြည်သူများ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားလာသကဲ့သို့ ဒေသဖွံ့ဖြိုးမှုသည်လည်း လက်တွေ့ကျကျ တိုးတက်အောင်မြင်လာသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

စက်မှုကုန်ကြမ်း သီးနှံဖြစ်သည့် နိုင်ငံခြားဝင်ငွေရရှိနိုင်သော နှစ်ရှည်သီးနှံရော်ဘာကို ၂၀၀၄-၂၀၀၅ ခုနှစ်အထိ ဒေသအတွင်း ၂၈၈၀ ဒသမ ၆၄ ဧက၊ အပင်ရေ ငါးသိန်းကျော် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး ဆက်လက်၍ နှစ်စဉ်တိုးချဲ့စိုက်ပျိုးသွားရန် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရ၍ စိုက်ပျိုးရေးကဏ္ဍ တိုးတက်မှုအတွက် အားရဖွယ်ရာဖြစ်ကြောင်း။

ပြည်နယ်အတွင်း ဒေသအသီးသီးတို့သည် တည်ငြိမ်အေးချမ်းမှု ဖြစ်ထွန်းနေပြီဖြစ်ရာ ဌာနဆိုင်ရာများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းရင်းသားပြည်သူများ၏ပူးပေါင်းပါဝင်မှု စွမ်းအားကိုရယူပြီး ကျေးလက်ဒေသများအထိ ကွင်းဆင်းကာ ပံ့ပိုးဖွယ်ရာများကို ပံ့ပိုးဖြည့်ဆည်းပေးပြီး စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ဒေသခံတိုင်းရင်းသား မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများအပါအဝင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက တာဝန်ရှိသူများသည် တစ်လတစ်ကြိမ် တွေ့ဆုံ၍ မိမိဒေသအကျိုး နိုင်ငံတော်အကျိုးကိုရှေးရှုပြီး ဒေသအရေးအရာကိစ္စများ ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ အားနည်းချက်၊ အားသာချက်များနှင့်ပတ်သက်၍ ဆန္ဒဖော်ထုတ်ပွဲကို ပြည်နယ်၊ခရိုင်၊ မြို့နယ် အသင်းအဖွဲ့များက တစ်လတစ်ကြိမ်ကျင်းပ ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ဤသည်မှာဒေသအတွင်း တည်ငြိမ်အေးချမ်းသာယာဝပြောမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ကြီးမားစွာ အထောက်အကူပြုသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကျင့်စဉ်တစ်ရပ်ဖြစ်၍ ယခုကတည်းက စတင်ကျင့်သုံးသွားကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့အဝင် စံပြဧက ၁၀၀အတွင်း ယူရီးယား၊ တီစူပါနှင့် ပိုတက် ဓာတ်မြေဩဇာများ ထည့်သွင်းထားရှိခြင်းမရှိဘဲ သဘာဝဓာတ်မြေဩဇာနှင့် ကျောက်မှုန့်တို့ကို အသုံးပြု၍ စမ်းသပ်စိုက်ပျိုးထားသော စိုက်ခင်းများကို လည်းကောင်း၊ တစ်ဧကလျှင် ကောက်ကွက် ၆၃၀၀၀ ကို ၁၀လက်မ X၁၀လက်မ စိုက်စနစ်ဖြင့် ပျိုးသက်ရက် ၂၀ရှိ ပျိုးသက်နုနု စိုက်ခင်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်မှူးချုပ် မင်းအောင်လှိုင်နှင့် ပြည်နယ် တွဲဖက် စိုက်ပျိုးရေးမန်နေဂျာ ဦးမြင့်သိန်းတို့က လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နိုင်ငံတော်က သတ်မှတ်ထားသော တစ်ဧကကောက်ကွက် တစ်သိန်းပြည့်မီရန် ဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြို့အဝင် စံပြဧက ၁၀၀ စိုက်ခင်းအတွင်း မြေဩဇာများကြဲပက်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့လယ်ရှိ မဟာမြတ်မုနိဘုရားကြီးသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မဟာမြတ်မုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီး၊ အမွှေးနံ့သာများ ကပ်လှူပူဇော်ကာ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက မဟာမြတ်မုနိဘုရားကြီး ဘက်စုံပြုပြင် တည်ဆောက်ရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တိုင်းမှူး ဗိုလ်မှူးချုပ် မင်းအောင်လှိုင် လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ကျိုင်းတုံမြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ - မြို့လယ် သာသနာ့ဗိမာန်တော်ကြီးသို့ ရောက်ရှိကြပြီး ကျိုင်းတုံမြို့ပေါ်ရှိ ဆရာတော် သံဃာတော်များနှင့် ဘုန်းတော်ကြီးကျောင်း ကိုးကျောင်းတို့အား ဆွမ်းဆန်တော် လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် ဧည့်ပရိသတ်တို့က ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ခေမာစာရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် မင်းအောင်လှိုင်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ် သံဃနာယကအဖွဲ့ဝင် ကျိုင်းတုံမြို့ ဓမ္မောဒယ ကျောင်းတိုက် နာယက ဆရာတော် ဘဒ္ဒန္တ အာဒေယျ(အဂ္ဂမဟာပဏ္ဍိတ) ထံမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် ဧည့်ပရိသတ်တို့က အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယနေ့ ကျိုင်းတုံမြို့ သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပသည့် ဆွမ်းဆန်တော် လှူဒါန်းပွဲ အခမ်းအနားတွင် ဆွမ်းဆန်တော် အိတ် ၁၀၀၊ ဆီ ၁၀ပုံး၊ ဆား ၁၀အိတ်နှင့် ပရိက္ခရာရှစ်ပါးတို့ကို ကျိုင်းတုံမြို့ပေါ်ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် မြို့ပေါ်ရှိ ကျောင်းတိုက်ကိုးတိုက်တို့မှ ဆရာတော် သံဃာတော်များအား လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့သည် ကျိုင်းတုံမြို့ ရွှေတြိဂံရိပ်သာသို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဗဟိုမှ လှူဒါန်းသော စာအုပ်နှင့် စာရေးကိရိယာများကို အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြောက်ဥက္ကလာပမြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့က စက်တင်ဘာ ၉ရက်တွင် ကျောက်ရေတွင်း ရပ်ကွက် ဓမ္မလင်္ကာရ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ နန္ဒဝရထ ဆက်ကပ်လှူဒါန်းစဉ်။ (မိခင်/ကလေး)

သုံးထပ်ကျောင်းတော်ကြီးဆောက်လုပ်ရန် ငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၈

မရမ်းကုန်းမြို့နယ် အမှတ်(၉)ရပ်ကွက် အညာစုလမ်း ဝိဇယာရာမ ကျောင်းတိုက်ရှိ သုံးထပ်ကျောင်းတော်ကြီးဆောက်လုပ်ရန်အတွက် အလှူငွေ ပေးအပ်ပွဲကို ယမန်နေ့မွန်းတည့် ၁၂နာရီက အဆိုပါကျောင်းတွင် ကျင်းပရာ နာယကဆရာတော် ဘဒ္ဒန္တ နန္ဒာစာရကိုယ်စား အကျိုးဆောင်ဥက္ကဋ္ဌ ဦးမောင်ထွန်းထံ ဗဟန်းမြို့နယ် ဆရာစံ(တောင်)ရပ်ကွက် ဓမ္မပါလလမ်းနေ ဦးဝီရိယနှင့် ကျေးဇူးရှင်မိဘများဖြစ်ကြသော ဦးအောင်ငွေ-ဒေါ်မြင့်ဆွေ တို့အား အမှူးထား၍ ရဟန်းဒါယိကာမ ဒေါ်စုစုလှိုင်က အလှူငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)** သုံးထပ်ကျောင်းတော်ကြီးဆောက်လုပ်နိုင်ရန် လှူဒါန်းလိုပါက ဆရာတော် ဘဒ္ဒန္တနန္ဒာစာရ ဖုန်း-၆၅၃၃၃၅၊ ဥက္ကဋ္ဌ ဦးမောင်ထွန်း ဖုန်း-၆၅၀၀၉၄၊ ဒုတိယ ဥက္ကဋ္ဌ ဦးဘမြင့် ဖုန်း-၆၆၁၆၃၄နှင့် အတွင်းရေးမှူး ဦးကျော် ဖုန်း-၆၆၁၄၀၉ တို့ထံ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

မဟုတ်မမှန် လုပ်ကြံသတင်းများ

လှသိန်းဋ္ဌေး

လွတ်လပ်စွာရေးသားထုတ်လွှင့်နေတဲ့ သတင်းများဟာ ပြည်သူ့အကျိုးအတွက်သာ ဖြစ်ရပါမယ်။ ပြည်သူ့အကျိုးစီးပွားကို ဖျက်လိုဖျက်ဆီးလုပ်တာမျိုး မဖြစ်သင့်ပါ။ သတင်းလောကသားတို့အဖို့ အဂတိတရားလေးပါးကင်းစွာ ရေးသားထုတ်လွှင့်ရမယ်ဆိုတဲ့ ကျင့်ဝတ်လည်း **ရှိပါတယ်။ ဒါပေမယ့် ဒီကနေ့ အလွန်ခေတ်မီတိုးတက်လာတဲ့ သတင်းလောကတွင် ရိုးသားဖြောင့်မှန်တဲ့ သတင်းသမားများ၊ သတင်းဌာနများရှိသလို ကလီကမာလုပ်ဇာတ်ခင်းပြီး ကိုယ်ကျိုးရှာတဲ့ သတင်းသမား၊ သတင်းဌာနတွေလည်း ရှိနေကြပါတယ်။ ပြည်သူတို့ဘက်က ရပ်တည်တဲ့ သတင်းသမားတွေ၊ သတင်းဌာနတွေရှိသလို ကိုယ်ကျိုးအတ္တအတွက် ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ စုန်းပြူးတွေလည်း ရှိပါတယ်။**

ဒါကြောင့် သတင်းဟာ မီးနဲ့တူတယ်လို့ဆိုနိုင်ပါတယ်။ မီးဟာ စနစ်တကျအသုံးချတတ်ရင် ချတတ်သလို လူ့အဖွဲ့အစည်းအတွက် မရှိမဖြစ်အောင် အကျိုးရှိပါတယ်။ စနစ်တကျ အသုံးမချတတ်ရင် မချတတ်သလောက် လူ့အဖွဲ့အစည်းအတွက် အလွန်အန္တရာယ်ကြီးပါတယ်။ သတင်းဟာလည်း အလားတူပါပဲ။ ထုတ်လွှင့်တဲ့သတင်းတွေ၊ ပေးပို့တဲ့သတင်းတွေ မှားယွင်းမှုကြောင့် အီရတ်ပြည်သူတွေ ဘယ်အထိ ကြောက်မက်ဖွယ်ရာ အန္တရာယ်ကြုံရတယ်ဆိုတာကို ၂၂–၈–၂၀၀၅ ရက်နေ့ထုတ် Newsweeks မှာပါတဲ့ သတင်းတစ်ပုဒ်ကို နိုင်ငံတကာသတင်းဂျာနယ်တွင် ပြန်ဆိုဖော်ပြထားတာကို အခုလို တွေ့ရပါတယ်။

အီရတ်ခေါင်းဆောင်ဟောင်း ဆက်ဒမ်ဟူစိန်၏ လက်နက်ရေးရာသိပ္ပံပညာရှင်များကို မြို့တော်ဘဂ္ဂဒက်တွင် အမေရိကန်ထောက်လှမ်းရေးတာဝန်ရှိသူများက ထိန်းသိမ်းထားဆဲဖြစ်သည်။ အီရတ်နိုင်ငံတွင် ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးများက ဆယ်စုနှစ်နှင့်ချီ၍ အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များ (ဒဗလျူအမ်ဒီ)ကို ရှာဖွေခဲ့သော်လည်း မတွေ့ရှိခဲ့ပေ။ အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များကို မတွေ့ရုံသာမဟုတ် ယင်းသို့သော လက်နက်များ ထုတ်လုပ်နိုင်သည့် နည်းစနစ်များကို ဖော်ပြသော စာလွှာစာတမ်း အထောက်အထားများကိုလည်း မတွေ့ရှိခဲ့ရပေ။

ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးကော်မရှင်သည် အီရတ်နိုင်ငံ၏ အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်ကိစ္စကို ပြီးခဲ့သည့်ဇွန်လက လုံခြုံရေးကောင်စီသို့ တင်ပြခဲ့သော်လည်း လုံခြုံရေးကောင်စီတွင် ယင်းကိစ္စကို အရေးတကြီးပြဿနာအဖြစ် ဆွေးနွေးခြင်းမရှိသေးပေ။ နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ)သည် အီရတ်နိုင်ငံ၏ နျူကလီးယားလက်နက် ရှာပုံတော်ဖွင့်ရန် တာဝန်ပေးအပ်ခြင်း ခံရသည့် ကျွမ်းကျင်သူပညာရှင်များပါဝင်သော အဖွဲ့တစ်ဖွဲ့ကို မကြာသေးမီက ဖျက်သိမ်းပေးလိုက်ပြီဖြစ်သည်။

ယင်းအဖွဲ့သည် အီရတ်နိုင်ငံအတွင်း ကာလကြာရှည်စွာပင် ပိတ်ပင်ခံထားရသော လက်နက်များကို ရှာဖွေခဲ့သော်လည်း အထောက်အထားများ မတွေ့ရှိရကြောင်း ဗြိတိသျှတာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

သတင်းအမှန်က နောက်ပိုင်းကျမှ ခုလိုပေါ်လာတာဖြစ်ပါတယ်။ အီရတ်မှာ အစုလိုက်အပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များ ရှိတယ်ဆိုတဲ့ သတင်းမှားကို အခြေခံပြီး အီရတ်နိုင်ငံအပေါ် အမေရိကန်နဲ့ အပေါင်းပါတို့က ကျူးကျော်စစ်ပွဲကြီး ဆင်နွှဲခဲ့ကြတာဖြစ်ပါတယ်။

လုပ်ကြံသတင်းတွေ ဖန်တီးပြီး ထိုးနှက်မှုကြောင့် ပြည်ထောင်စုအချို့ သွေးချောင်းစီး ပြိုကွဲရတာတွေ၊ နိုင်ငံအတွင်း အချင်းချင်းတိုက်ခိုက်သွေးချောင်းစီးရတာတွေလည်း ရှိပါတယ်။ လူ့ဆက်ဆံရေးနယ်ပယ်များတွင် မဟုတ်မမှန် လုပ်ကြံခြေထိုးမှုများကြောင့် မိသားစုချင်း၊ ညီအစ်ကိုမောင်နှမချင်း၊ မိတ်ရင်းဆွေရင်းချင်း စိတ်ဝမ်းကွဲပြားရမှုတွေ၊ အချင်းချင်းခိုက်ရန်ဖြစ်ပွား သေကျေဒဏ်ရာရမှုတွေလည်း ရှိနေဆဲဖြစ်ပါတယ်။

အဲဒီလိုအဖြစ်မျိုးမကြုံရအောင် ဒီကနေ့ စာပေ၊ ရုပ်ရှင်၊ သဘင်စတာတွေမှာ အမျိုးမျိုးအဖုံဖုံ ပညာပေးမှုတွေရှိသလို ဟိုရှေးတုန်းက ဘုရားဟောဇာတ်နိပါတ်တော်တွေမှာလည်း အမျိုးမျိုးအဖုံဖုံ ဟောကြားညွှန်ပြဆိုဆုံးမခဲ့တာတွေ ရှိပါတယ်။

ဇာတကဝတ္ထုဖြစ်တဲ့ သန္ဓိဗေဒဇာတ်မှာ မြေခွေးရဲ့ကုန်းချောသော စကားကို ယုံစားမိတဲ့အတွက် သေကျေကုန်ရတဲ့ ခြင်္သေ့နဲ့နွားလားတို့အကြောင်းကို ဖော်ပြထားပါတယ်။ လွန်လေပြီးသောအခါ ခြင်္သေ့နဲ့နွားလားတို့ အလွန်ချစ်ကြည်သော အဆွေခင်ပွန်းဖြစ်ကြတယ်။ တစ်နေ့သောအခါ မြေခွေးတစ်ကောင်ရောက်လာပြီး မြေခွေးဟာ ငါအသားမျိုးစုံစားဖူးပြီ၊ ခြင်္သေ့သားနဲ့နွားလားသားကိုကား မစားဖူးသေး။ စားရအောင်ကြံမယ်ဆိုပြီး နွားလားကို ခြင်္သေ့က ဤနည်းဤပုံဆိုသည်။ ခြင်္သေ့ကို နွားလားက ဤနည်းဤပုံဆိုသည်ဟု တစ်လှည့်စီကုန်းတိုက်တဲ့အတွက် မကြာမီ ချစ်ခင်ယုံကြည်မှုပျက်ပြားပြီး ခြင်္သေ့နဲ့နွားလားတို့ တိုက်ခိုက်ရင်းသေဆုံးခဲ့ကြရတယ်။ ဒီအခါ မြေခွေးဟာ ရွှင်လန်းဝမ်းမြောက်စွာ ခြင်္သေ့သားကို တစ်လှည့်၊ နွားလားသားကို တစ်လှည့်စားပြီး အောင်ပွဲခံလေတယ်။ ဒါကြောင့် ကုန်းတိုက်စကားကို မယုံကြဖို့ သွန်သင်ထားပါတယ်။

လူသားတွေအဖို့ လောကမှာ ဆင်ခြင်ဖွယ်ရာ၊ သင်ခန်းစာယူစရာ၊ တရားရစရာတွေ များစွာရှိကြပါတယ်။ နှိုင်းနှိုင်းချိန်ချိန် သုခမိန်ဆိုသော မြန်မာစကားလည်းရှိပါတယ်။

မကြာသေးမီ ဩဂုတ်လ ၂၈ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ(၆/၂၀၀၅)မှာ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းက–

“၂၃–၈–၂၀၀၅ရက်နေ့ ည ၈နာရီ ၁၅မိနစ်အချိန်မှာ ဘီဘီစီ အသံလွှင့်ဌာနကနေပြီး နိုင်ငံတော်အကြီးအကဲများနဲ့ နိုင်ငံတော်နဲ့ ပတ်သက်၍ မဟုန်မမှန်လုပ်ကြံထားတဲ့ သတင်းတစ်ပုဒ်နဲ့နောက်ဆက်တွဲ သုံးသပ်ချက်သတင်းများကို ဆက်တိုက်ထုတ်လွှင့်သွားခဲ့တာ အားလုံးကြားသိကြပြီး ဖြစ်ပါလိမ့်မယ်။

“ဒီလို ထုတ်လွှင့်သွားတဲ့အကြောင်းခြင်းရာဟာ ကျွန်တော်တို့ နိုင်ငံအတွက် အလွန်အရေးကြီးတဲ့၊ အန္တရာယ်ကြီးမားတဲ့ သတင်းမျိုးဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံအတွက် ဒီလိုအရေးကြီးတဲ့၊ အန္တရာယ်ကြီးမားတဲ့ သတင်းမျိုးကို ထုတ်လွှင့်တော့မယ်ဆိုရင် မီဒီယာကျင့်ဝတ်အရ သတင်းမှန်ကန်မှု ရှိ၊ မရှိ သတင်းအခြေအမြစ် ရှိ မရှိ၊ သတင်းကျိုးကြောင်း ဆီလျော်မှု ရှိ မရှိဆိုတာကို သာမန်သတင်းများမှာထက် ပိုမိုအလေးထားစိစစ်ပြီး မှန်ကန်တိကျခိုင်လုံမှသာ ထုတ်လွှင့်ကြရမှာဖြစ်ပါတယ်။ သို့သော်လည်း ဘီဘီစီဟာ ထိုသို့စိစစ်အတည်ပြုခြင်း အလျင်းမရှိဘဲ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများရဲ့ မဟုတ်မမှန် လုပ်ကြံသတင်းကို ထုတ်လွှင့်သွားခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။ ဘီဘီစီလို ကမ္ဘာကျော်သတင်းဌာနကြီးအနေဖြင့် မလုပ်သင့်မလုပ်ထိုက်သော အလုပ်ကို လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။

“ဒါကြောင့် ဘီဘီစီရဲ့ အဆိုပါသတင်းထုတ်လွှင့်မှုဟာ ရှေ့ပိုင်းမှာ ကျွန်တော် ရှင်းလင်းပြောကြားခဲ့တဲ့ ပြည်တွင်း၊ပြည်ပ အကြမ်းဖက်အဖျက်သမားများရဲ့ မြေပေါ်တိုက်ကွက်၊ မြေအောက်တိုက်ကွက်၊ ပြည်ပြေး တိုက်ကွက်များနဲ့ တစ်ဆက်တစ်စပ်တည်း အချိန်ကိုက် လုပ်ဆောင်လာခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိကြရမှာဖြစ်ပါတယ်။ သတင်းစာဆရာကြီးများအနေနဲ့ ရှေ့မီနောက်မီ ကာလများစွာ ဖြတ်သန်းပြီး အတွေ့အကြုံရင့်ကျက်သူများပီပီ ဘီဘီစီဟာ ဘယ်ယုန်မြင်လို့ ဘယ်ချုံထွင်ခဲ့တယ်ဆိုတာ သဘောပေါက်ကြမှာဖြစ်ပါတယ်။

“အလားတူပဲ ပြည်တွင်းရှိ နိုင်ငံရေးသမားများဟာလည်း ခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့ကြရတဲ့ နိုင်ငံရေး အတွေ့အကြုံ၊ ၁၉၈၈ ခုနှစ် အရေးအခင်းကာလမှာ ဆူပူမှုများ တစ်နိုင်ငံလုံးပြန့်ပွား အရှိန်ပြင်းထန်အောင် မင်းမဲ့စရိုက်များ လွှမ်းမိုးပြီး တိုင်းပြည် အလုံးစုံပျက်သုဉ်းအောင် ဘီဘီစီနဲ့ အချို့သော မီဒီယာတို့က မိုးလုံးပြည့်မုသာဝါဒ သတင်းများဖြင့် သွေးထိုးမြှောက်ပင့် ချိန်းချက်ချိန်ကိုက်ဆောင်ရွက်ခြင်းကို ခံကြရတဲ့ အတွေ့အကြုံများ ရှိပြီးသားမို့ ဘီဘီစီရဲ့ အခုထုတ်လွှင့်ချက်ဟာ အကြမ်းဖက်သမားများရဲ့ လူထုအုံကြွမှု အစီအမံနှင့်အတူ ချိန်ကိုက်လှုံ့ဆော်ပေးမှုသာ ဖြစ်တယ်ဆိုတာကို အစကတည်းက သိရှိနားလည်ပြီးဖြစ်မယ်လို့ ယုံကြည်ပါတယ်။ သို့သော်လည်း တချို့သော နိုင်ငံရေးသမားဆိုသူများက ဘီဘီစီရဲ့ ထုတ်လွှင့်ချက်အပေါ် အာရ်အက်ဖ်အေ၊ ဒီဗွီဘီ၊ ဗွီအိုအေစတဲ့ သတင်းဌာနများနဲ့ အမေးအဖြေလုပ်ပြီး အမျိုးမျိုးပြောဆို ထုတ်လွှင့်ကာ မီးလောင်ရာလေပင့်ခဲ့ကြပြန်ပါတယ်။ ဒါတွေဟာ တိုင်းပြည်နဲ့လူမျိုးအတွက် ဝမ်းနည်းစရာပဲလို့ ပြောကြားလိုပါတယ်”လို့ ရှင်းလင်းတင်ပြသွားခဲ့ပါတယ်။

အခုလို ဘီဘီစီသတင်းဌာနရဲ့ လုပ်ကြံသတင်းကြောင့် မြန်မာနိုင်ငံမှာ ဒေါ်လာဈေး၊ ရွှေဈေးတွေပါမကဘဲ ဆန်ဈေး၊ ဆီဈေးစတဲ့ စားသုံးကုန်ဈေးတွေပါ ရုတ်တရက် တက်သွားခဲ့ပါတယ်။ အခုလိုကုန်ဈေးနှုန်းတွေကြီးမြင့်လာတဲ့အတွက် မြန်မာပြည်သူတွေပဲ အခက်ကြုံရပါတယ်။ ဒါကြောင့် ဘီဘီစီရဲ့ မမှန်သတင်းထုတ်လွှင့်မှုဟာ ပြည်သူ့အကျိုးအတွက်မဟုတ်ဘဲ ပြည်သူတွေ အကျိုးပျက်ဖို့သာ ဖြစ်နေပါတယ်။ ဘီဘီစီက အဲဒီလို မမှန်သတင်းထုတ်လွှင့်ခဲ့တာဟာ သတင်းကို အတည်ပြုချက်မရနိုင်လို့ဖြစ်တယ်ဆိုပြီး မရေမရာ ကာကွယ်ပြောသွားပါတယ်။ မသေချာတဲ့ သတင်းလား၊ လံကြုတ်သတင်းလား၊ ဟုတ်–မဟုတ်၊ မှန်–မမှန် စိစစ်ရမှာက ဘီဘီစီရဲ့တာဝန်သာဖြစ်ပါတယ်။ ဘီဘီစီက အခုလို မြန်မာနိုင်ငံရဲ့ထိပ်တန်းအရေးကြီးတဲ့ သတင်းကို မှန်လား၊ မှားလား လုံးဝ(လုံးဝ) မစိစစ်ဘဲ ရည်ရွယ်ချက်ရှိရှိနဲ့ တမင် သက်သက်ထုတ်လွှင့်သွားတာဟာ မြန်မာပြည်သူတို့အပေါ်ဆိုးကျိုးဖြစ် စေဖို့သာလိုလားနေကြောင်း ထင်ရှားလှပါတယ်။ မြန်မာနိုင်ငံကို ပြိုကွဲပျက်စီးစေလိုတဲ့အတွက် ဖြစ်တယ်ဆိုတာ ထင်ရှားနေပါတယ်။

ဒါကြောင့် ဘီဘီစီနဲ့ အနောက်ဩဇာခံသတင်းဌာနများရဲ့ **မဟုတ်မမှန်လုပ်ကြံသတင်းများ**နဲ့ ထိုးနှက်နေမှုဟာ နိုင်ငံနဲ့လူမျိုးအတွက် အန္တရာယ်ရှိတာမို့ မြန်မာပြည်သူ တစ်ရပ်လုံး သတိထားဖယ်ရှားကြဖို့ အကျိုးမျှော်ပြီး နှိုးဆော်လိုက်ရပါတယ်။ ။

> ဘီဘီစီရဲ့ မမှန်သတင်းထုတ်လွှင့်မှုဟာ ပြည်သူ့အကျိုး အတွက် မဟုတ်ဘဲ ပြည်သူတွေအကျိုးပျက်ဖို့သာ ဖြစ်နေပါတယ်။ ဘီဘီစီက အဲဒီလို မမှန်သတင်းထုတ်လွှင့်ခဲ့တာဟာ သတင်းကို အတည်ပြုချက်မရနိုင်လို့ဖြစ်တယ်ဆိုပြီး မရေမရာ ကာကွယ်ပြောသွားပါတယ်။ မသေချာတဲ့ သတင်းလား၊ လံကြုတ်သတင်းလား၊ ဟုတ်–မဟုတ်၊ မှန်–မမှန် စိစစ်ရမှာက ဘီဘီစီရဲ့တာဝန်သာဖြစ်ပါတယ်။ ဘီဘီစီက အခုလို မြန်မာနိုင်ငံရဲ့ထိပ်တန်းအရေးကြီးတဲ့ သတင်းကို မှန်လား မှားလား လုံးဝ(လုံးဝ)မစိစစ်ဘဲ ရည်ရွယ်ချက်ရှိရှိနဲ့ တမင်သက်သက် ထုတ်လွှင့်သွားတာဟာ မြန်မာပြည်သူတို့အပေါ်ဆိုးကျိုး ဖြစ်စေဖို့သာ လိုလားနေကြောင်း ထင်ရှားလှပါတယ်။ မြန်မာနိုင်ငံကို ပြိုကွဲပျက်စီးစေလိုတဲ့အတွက် ဖြစ်တယ်ဆိုတာ ထင်ရှားနေပါတယ်။

❀ နိုင်ငံတော်အကြီးအကဲမှ

စစ်တောင်းတံတား (မုပ္ပလင်)တည်ဆောက်ရေး စီမံကိန်း အင်ဂျင်နီယာမှူး ဦးကျော်လင်းက မုပ္ပလင်ဘက်ခြမ်း ရေလယ်တိုင် (P-5) တည်ဆောက်ပြီးစီးနေမှု၊ ရေလယ်တိုင် (P-4) ဘိုးတိုင်အားလုံး တည်ဆောက်ပြီးစီးနေမှု၊ (P-3) တွင် တတိယဘိုးတိုင် ကွန်ကရစ်လောင်းနေမှု၊ ချဉ်းကပ်လမ်း လုပ်ငန်းဆောင်ရွက်နေမှု၊ ဝေါဘက်ခြမ်း၌ ရေလယ်တိုင် (P-1) ဘိုးတိုင်ငါးလုံးကို အောက်တိုဘာ လဆန်းတွင် အပြီးတည်ဆောက်မည့်အခြေအနေ၊ ပြီးစီးသော တိုင်များ၏ ထိပ်အုပ်လုပ်ငန်းများကို မိုးတွင်းတွင် အပြီးတည်ဆောက်မည့် အစီအစဉ်နှင့် တံတားသံပေါင်များကို ၂၀၀၆ ခုနှစ်မတ်လ တွင် တပ်ဆင်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တံတား တည်ဆောက်မှုလုပ်ငန်းတွင် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့နှင့် ညှိနှိုင်း၍ ပံ့ပိုးမှုရယူဆောင်ရွက်သွားရေး၊ ဝန်ထမ်းများ၏ ကျန်းမာရေးကို အထူးဂရုစိုက် ဆောင်ရွက်ရေး၊ စီမံခန့်ခွဲမှုအပိုင်းကို ဟာကွက်မရှိအောင် စိစစ်ဆောင်ရွက်ရေး တို့ကို မှာကြားပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းစီမံ ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မုပ္ပလင်ဘက်ခြမ်း တည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

သုတေသနနှင့်မျိုးပွားခြံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကျိုက်ထိုမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း သုတေသနနှင့် စက်ရုံများဌာနခွဲ၏ သုတေသနနှင့် မျိုးပွားခြံ (ဘုရားလမ်း)သို့ သွားရောက်၍ ရှင်းလင်းဆောင်၌ ခင်းကျင်းပြသထားသော ရော်ဘာဖူးဆက်ပျိုးပင်၊ (BPM-24) ရော်ဘာမျိုးကိုင်း၊ ရော်ဘာမျိုးသန့်ပင်၊ ဒူရာ (Dura) ဆီအုန်းသီး၊ တင်နရာ(ထနေရော) ဆီအုန်းသီး၊ ပစ်ဆီဖာရာ (Pisifera) ဆီအုန်းသီး၊ ဆီအုန်းမျိုးစပ်ရာတွင် အသုံးပြုသော ပစ္စည်းများ၊ ဆီအုန်းဝတ်မှုန်ကူးကျိုင်းကောင်၊ ဒူရာမျိုး အမပန်းခိုင်၊ အက်ဆီကေကာအိုးတို့ကို ကြည့်ရှုကြသည်။

ယင်းနောက် ခြံမန်နေဂျာ ဒေါ်ဌေးဌေးမြင့်က ဆီအုန်း မျိုးစပ်ခြင်းလုပ်ငန်း၏ ရည်ရွယ်ချက်၊ နောက်ခံသမိုင်း၊ ဆီအုန်းမျိုးများ၊ လုပ်ငန်းဆောင်ရွက်မှု၊ ဖခင်အပင်ရွေးခြင်း၊ အဖိုဝတ်မှုန်စုဆောင်းခြင်း၊ မိခင်အပင်ရွေးချယ်ခြင်း၊ မျိုးကူးစပ်ခြင်း လုပ်ငန်းအဆင့်ဆင့်နှင့် မျိုးစေ့စုဆောင်းခြင်း၊ ရော်ဘာပျိုးခင်းလုပ်ငန်း၌ ဖူးဆက်ပင် ၅၀၀၀၀နှင့် ရော်ဘာ မျိုးသန့် ပျိုးပင် ၂၀၀၀၀၀ ထုတ်လုပ်မည့် အစီအစဉ်၊ ရော်ဘာကိုင်းပွားခင်းငါးဧက တည်ထောင်သွားမည့် အစီအစဉ်တို့ကိုလည်းကောင်း၊ မွန်ပြည်နယ် မြန်မာ့နှစ်ရှည်ပင် လုပ်ငန်း မန်နေဂျာနှင့် တာဝန်ရှိသူတို့က မွန်ပြည်နယ် အတွင်း ရော်ဘာကို တိုးတက်စိုက်ပျိုးသွားနိုင်ရန် မျိုးပွား ဖြန့်ချိခြင်းလုပ်ငန်းများကို လည်းကောင်း ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ဦးစားပေးဆောင်ရွက်

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မွန်ပြည်နယ်၌ ရော်ဘာဧက လေးသိန်း စိုက်ရန် လျာထားသက်မှတ်ချက်တွင် ယခုအခါ ဧက ၂၆၀၀၀၀ စိုက်ပျိုးပြီးဖြစ်သည်ဟု သိရကြောင်း၊ ထို့ကြောင့် လာမည့်နှစ်တွင် ဧက ၁၄၀၀၀၀ ထပ်မံစိုက်ပျိုးရမည်ဖြစ်ကြောင်း၊ တိုးတက်စိုက်ပျိုးမည့် ဧကများအတွက် ရော်ဘာပျိုးပင်များ လိုအပ်မည်ဖြစ်ရာ ဤမျိုးပွားခြံအနေဖြင့် ရော်ဘာပျိုးပင် သိန်း ၃၀ အထိ ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ရော်ဘာပျိုးပင်များ ထုတ်လုပ်ရာတွင် ကျွမ်းကျင်သူ ဝန်ထမ်းများက ရော်ဘာအဖူးဆက် ပျိုးပင်များ ထုတ်လုပ်သွားကြရန်ဖြစ်ကြောင်း၊ မွန်ပြည်နယ်သည် ရော်ဘာကို အဦးဆုံးစတင် စိုက်ပျိုးခဲ့ခြင်း၊ ရေမြေသဘာဝအနေအထား ကောင်းများရှိခြင်းကြောင့် ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှုကို အဓိကထားဦးစားပေး ဆောင်ရွက်ကြရန် ဖြစ်ကြောင်းမှာကြားပြီး မျိုးပွားခြံ၌ ရော်ဘာလက်ခံပင်နှစ်သိန်း ပျိုးထောင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များ မွန်ပြည်နယ် ပေါင်မြို့နယ် သဲအိမ်ကျေးရွာ ကျေးလက် ကျန်းမာရေး ဌာန ဆေးသိုလှောင်ခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် သထုံမြို့နယ် ဇရပ်ချောင်းကွင်းရှိ တောင်သူ ဦးကျော်ဦး၏ ဆင်းသွယ်လတ် မျိုးသန့်စပါး ၁၅ ဧက စိုက်ခင်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ မွန်ပြည်နယ် မြန်မာစိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးစိန်ဝင်းက ပြည်နယ်၌ မိုးစပါးဧက ၁၀ သိန်း ပြည့်မီအောင် စိုက်ပျိုးသွားရန်၊ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ဧက ၈ဒသမ၅ သိန်း ရည်မှန်း ဆောင်ရွက်ခဲ့၍ ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၅ ရက်အထိ မိုးစပါး ၇၅၉၀၇၉ ဧက စိုက်ပျိုးပြီးဖြစ်၍ ရည်မှန်းချက် အပေါ် အကောင်အထည်ဖော်နိုင်မှုမှာ ၈၉ ရာခိုင်နှုန်းရှိမှု၊ အဆင့်မြင့် အထွက်ကောင်းမျိုးများဖြစ်သည့် ရွှေပြည်တန်၊ ဆင်းသွယ်လတ်နှင့် ရေဆင်းလုံးသွယ်မျိုးတို့ကို ၂၀၀၄-၂၀၀၅ ခုနှစ်က ၂၇ ဧကသာ စိုက်ပျိုးခဲ့သော်လည်း ယခုအခါ ဒေသနေ တောင်သူလယ်သမားတို့က အထူးနှစ်သက်ကြသဖြင့် ဧက ၄၆၀ အထိ တိုးတက် စိုက်ပျိုးလာမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ပြည်နယ် အနေဖြင့် မိုးစပါးဧက ၁၀ သိန်းအထိ စိုက်ပျိုးနိုင်ရေး အတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေနှင့် တင်ပြချက်အပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

နှုတ်ဆက်အားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဒေသခံ တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးပြီး နိုင်ငံတော်အကြီးအကဲက စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် အထူးအလေးထားသည့်အလျောက် စိုက်ပျိုးရေးဖွံ့ဖြိုးမှုနှင့် စက်မှုလယ်ယာစနစ်သို့ ရောက်ရှိရေး အတွက် လယ်ယာသုံး စက်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်အောင် စီမံဆောင်ရွက်ခဲ့ရာ ယခုအခါ ပြည်တွင်း၌ ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း၊ လယ်သမားများ အနေဖြင့် မိမိတို့လူနေမှုဘဝ မြင့်မားရေး၊ စီးပွားဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို တိုးတက်သည်ထက် တိုးတက်အောင် ဆောင်ရွက်ကြရေး၊ သမားရိုးကျ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာ စနစ်သို့ ကူးပြောင်းရေးအတွက် တစ်ဦးချင်းနှင့် အစုအဖွဲ့တို့က နိုင်ငံတော်ကထုတ်လုပ်သော လယ်ယာသုံးစက်ပစ္စည်း များကို ဝယ်ယူအသုံးပြုကြရန် လိုကြောင်းဖြင့် တိုက်တွန်း မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တောင်သူ ဦးကျော်ဦး၏ ဆင်းသွယ်လတ်မျိုးသန့် ၁၅ ဧက စိုက်ခင်း၌ မျိုးသန့် မိုးစပါးများ အောင်မြင်စွာ အနှံဖြစ်ထွန်း နေမှုကို ကြည့်ရှုသည်။

အလှူငွေပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ် ပေါင်မြို့နယ် သဲအိမ်ကျေးရွာသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက သဲအိမ် ကျေးရွာ ပညာဘဏ် စာကြည့်တိုက်ဖြစ်သည့် ရွှေစာကြည့် တိုက်သို့ ပြန်ကြားရေးဝန်ကြီးဌာနက ပေးပို့လှူဒါန်းသော သုတ၊ ရသ စာအုပ်မျိုးစုံ ၁၆၇ အုပ်နှင့် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်း သော အလှူငွေများကို သဲအိမ်ကျေးရွာ အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချောနှင့် စာကြည့်တိုက်မှူး ဦးအုန်းလှိုင်တို့ထံ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင် များသည် ရွှေစာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးပြီး ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့အောင် ဝိုင်းဝန်း ထိန်းသိမ်း စောင့်ရှောက်သွားကြရန် မှာကြားသည်။

လိုအပ်သည်များမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင် များသည် သဲအိမ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ပြီး ဆေးသိုလှောင်ခန်းကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ကျေးလက် ကျန်းမာရေးဌာနအတွက် ဆေးဝါးပစ္စည်းများ ဖြည့်တင်းရန် အလှူငွေများကို တာဝန်ရှိသူထံ ပေးအပ်လှူဒါန်း သည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် သဲအိမ်အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနေမှုကို ကြည့်ရှု စစ်ဆေးရာ ကျောင်းအုပ်ဆရာကြီး ဦးစိုးမြင့်က သဲအိမ် အခြေခံပညာအထက်တန်းကျောင်း၌ မူလတန်းမှ ဒသမတန်း အထိ ကျောင်းသား၊ ကျောင်းသူ ၆၇၃ ဦးကို ပညာရေး ဝန်ထမ်း ၃၄ ဦးဖြင့် ပညာသင်ကြားပေးနေမှုနှင့် နိုင်ငံတော်နှင့် အလှူရှင် ကျောင်းသား၊ မိဘတို့ ပူးပေါင်းမှုဖြင့် အလျားပေ ၁၇၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ ကျောင်းဆောင် နှစ်ဆောင်၊ အလျားပေ ၁၅၀၊ အနံပေ ၃၀ နှင့် အမြင့် ၁၂ ပေရှိ ကျောင်းဆောင်တစ်ဆောင် စုစုပေါင်း ကျောင်းဆောင် သုံးဆောင်နှင့် ကျောင်းပရိဘောဂများ၊ မာလ်တီမီဒီယာ ပစ္စည်းများ တိုးတက်ဖြစ်ထွန်းနေမှုတို့ကို ရှင်းလင်းတင်ပြ သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ကျောင်းခန်းမ၌ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမ များ၊ ရပ်မိ ရပ်ဖများနှင့်တွေ့ဆုံ၍ ကျောင်းသား၊ ကျောင်းသူ များအား ပညာရည်မြင့်မားပြီး အကျင့်စာရိတ္တ ကောင်းမွန် သော လူရည်ချွန် လူရည်မွန်များ ဖြစ်လာအောင် သင်ကြား လေ့ကျင့်ပေးရေး၊ ရရှိထားသော မာလ်တီမီဒီယာ ပစ္စည်း များကို ကျောင်းသား၊ ကျောင်းသူများက ကိုင်တွယ်အသုံးချ သင်ယူနိုင်အောင် ဆောင်ရွက်ပေးရေး၊ ကျေးရွာပိုမိုဖွံ့ဖြိုး တိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး၊ နယ်မြေဒေသ လုံခြုံရေးနှင့် အဖျက်သမားအန္တရာယ်ကို ဒေသအာဏာပိုင်များနှင့် လက်တွဲပူးပေါင်းကာကွယ် တိုက်ဖျက်ရေးတို့ကို မှာကြားပြီး သက်ကြီး ရပ်မိ ရပ်ဖ နှစ်ဦးတို့အား ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် သဲအိမ်အခြေခံပညာ အထက်တန်းကျောင်းအတွက် အလှူငွေ များကို ကျောင်းအုပ်ကြီးထံ ပေးအပ်လှူဒါန်းပြီး တက်ရောက် လာကြသူများအား ရင်းနှီးစွာ နှုတ်ဆက်သည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်း တော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၃)လမ်းနေ ဦးသန်းအောင်-ဒေါ်မြင့် မြင့်သန်းတို့က နှစ်(၃၀)ပြည့် မင်္ဂလာ အထိမ်းအမှတ်အဖြစ် ငွေကျပ်သုံးသိန်း ကို ဘဏ္ဍာရေးမှူး ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဖလားဝါးနယူးစ် ဂျာနယ် အတွဲ(၁)၊ အမှတ်(၄၆) ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၈

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၁)၊ အမှတ် (၄၆)တွင် ကိုကို (စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ ဘင်္ဂလားဒေ့ရှ်လုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ လာရောက်၍ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်မည်၊ ယာယီမှတ်ပုံတင် သက်တမ်းကျော် စက်မှုဇုန်ထုတ်ကားများ ယခုလမှစ၍ အရေးယူ ဆောင်ရွက်သွားမည်။ မှတ်ပုံတင်ထားခြင်း မရှိသည့် ဆေးဝါးများ ရောင်းချနေသော ဈေးဆိုင်ပေါင်း ၂၅ ရာခိုင်နှုန်းရှိကြောင်း စိစစ်တွေ့ရှိ၊ အိုဇုန်းလွှာ ပျက်စီးစေသော စီအက်ဖ်စီ ပါဝင်သည့် ရေခဲသေတ္တာ အဲယားကွန်းများသုံးစွဲခွင့် ၂၀၁၀ခုနှစ်တွင် ပိတ်ပင်မည်၊ ယာဉ်စီးခများ ပြောင်းလဲကောက်ခံပြီ၊ 5 Movies ပရီမီယာလိဂ်ဘောလုံးပွဲစဉ် အချိန်ဇယားစသည့် ပြည်တွင်းရေးရာ သတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာသည်။

ကျောင်းထိုင်ဘုန်းတော်ကြီးက ပရိဂျူဆာ၊ ရှောင်လင်ကျောင်းတော်က ရုပ်ရှင်ရိုက်ပြီ၊ ခြသေ့်ကြီး ကိုအိဇုမိ အပြတ်အသတ်နိုင်ပြန်ပြီ၊ ဒူဘိုင်းမြို့တော်တွင် ကမ္ဘာ့အံ့ဖွယ်ခုနစ်ပါးကို တည်ဆောက်မည်၊ ဂျပန်၏ ပေါ့ပါးဝတ်စားအစီအစဉ် လျှပ်စစ်ဓာတ်ချွေတာနိုင်စေခဲ့ စသည့်နိုင်ငံတကာ သတင်းများ၊ နိုင်ငံတကာ သုံးသပ်ချက်များ၊ စီးပွားရေးဆောင်းပါးများ၊ ကျန်းမာရေး၊ အားကစားသတင်း များကို ဝေဝေဆာဆာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ (က-ပ)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ အလုံမြို့နယ် ဆင်မင်း ရပ်ကွက် ကွင်းကျောင်း (၂) လမ်းနေ မဇာနည်မိသားစုက ဆွမ်းပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွား ရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၈-၉-၂၀၀၅)

ဟားခါး	၂ ဒသမ ၂၀ လက်မ
မြိတ်	၁ ဒသမ ၉၃ လက်မ
မန္တလေး	၁ ဒသမ ၅၇ လက်မ
ကော့သောင်း	၁ ဒသမ ၅၀ လက်မ
လားရှိုး	၁ ဒသမ ၁၅ လက်မ
ရွှေဘို	၀ ဒသမ ၉၈ လက်မ
အောင်လံ	၀ ဒသမ ၂၄ လက်မ

တိုင်းရင်းပရဆေးပင်များ၏ အာနိသင်ကို ပြည့်ပြည့်စုံစုံ စမ်းသပ်စစ်ဆေး အစွမ်းအာနိသင် ပိုမိုထက်မြက်သည့် တိုင်းရင်းဆေးအဖြစ် ထုတ်လုပ်

❖ ရှေ့ဖုံးမှ

ယင်းမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ရှိ တိုင်းရင်းဆေးတက္ကသိုလ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ ဒုတိယပါမောက္ခချုပ်များ၊ ကထိက၊ဌာနမှူးများ၊ လက်ထောက်ကထိကများ၊ နည်းပြ သရုပ်ပြများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား တိုင်းရင်းဆေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ မန္တလေးတိုင်းရင်းဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဦးဝထွန်းက မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်ကြီးကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ မြန်မာ့တိုင်းရင်းဆေးပညာ နှုန်းမီစံကိုက် တိုးတက်ထွန်းကားပြန့်ပွားစေရေး၊ နိုင်ငံတကာ အဆင့်မီ ဆေးပညာရပ်တစ်ခုအဖြစ် စည်းစနစ်တကျ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး၊ အစွမ်းအာနိသင် ထက်မြက်သည့် တိုင်းရင်းဆေးဝါးများကို သိပ္ပံနည်းကျကျ ထုတ်လုပ်မှုနည်းစဉ်များဖြင့် စံချိန်စံညွှန်းကိုက်ညီစွာ နိုင်ငံတကာအဆင့်မီ ထုတ်လုပ်နိုင်စေရေးနှင့် ပညာရှင်များ စဉ်ဆက်မပြတ် တိုးပွားလာရေး ရည်ရွယ်ချက်များဖြင့် မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်ကြီးကို တည်ထောင်ဖွင့်လှစ်ခဲ့ကြောင်း။

မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်၏ ပထမနှစ်သင်တန်းကို ၂၀၀၁ခုနှစ် ဒီဇင်ဘာ ၁၉ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ တိုင်းရင်းဆေးတက္ကသိုလ်ပင်မ အဆောက်အအုံသစ်ကို ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂၆ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း။

၂၀၀၄-၂၀၀၅ခုနှစ် ပညာသင်နှစ်ကို ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂၇ရက်မှစ၍ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်သင်တန်းများကို သင်ကြားပို့ချလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူ ၆၇၂ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း။

တိုင်းရင်းဆေးတက္ကသိုလ်၌ အပ်စိုက်ကုပညာဌာနအပါအဝင် သင်ကြားရေးဆိုင်ရာ အဓိကဌာနကြီး ခြောက်ခု၊ အထောက်အကူပြု ဌာနကြီး ၁၀ဌာနတို့ဖြင့် တိုင်းရင်းဆေးဘာသာရပ်များနှင့် အခြားနီးနွယ် ဘာသာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း။

ကျောင်းသား၊ ကျောင်းသူများ တိုင်းရင်းဆေးပညာ သင်ကြားရင်း လက်တွေ့သင်ကြားလေ့လာနိုင်ရန်အတွက် သရုပ်ပြ ပရဆေးဥယျာဉ် ထူထောင်ထားကြောင်း၊ Computer Roomများ၊ Language Lab စာသင်ခန်းများ၊ လက်တွေ့ခန်းများတွင် ခေတ်မီသင်ထောက်ကူ ပစ္စည်းအပြည့်အစုံဖြင့် လည်းကောင်း၊ ပြတိုက်နှင့် e-Library များဖွင့်လှစ်၍ လည်းကောင်း၊ သင်ကြားပေးလျက်ရှိပါကြောင်းဖြင့် ပဏာမ ရှင်းလင်းတင်ပြပြီး မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်၏ သင်ကြားရေးနှင့် စီမံရေးဆောင်ရွက်ထားမှုတို့ကို ရှင်းလင်းတင်ပြရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက် မန္တလေးတောင်ပတ်လမ်းနှင့် (၁)လမ်းကြားရှိ မန္တလေး တိုင်းရင်းဆေးတက္ကသိုလ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ဆွေးနွေးမှာကြား

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာတွင် ယနေ့တပ်မတော်အစိုးရအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရင်း ပြည်သူအများ လိုလားတောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် ညင်သာချောမွေ့စွာ အသွင်ကူးပြောင်းရေး တာဝန်ကိုပါ တစ်ပြိုင်တည်း ထမ်းဆောင်လျက်ရှိပါကြောင်း။

လွတ်လပ်ရေးရရှိချိန်ကစပြီး တည်ငြိမ်အေးချမ်းမှု အပြည့်အဝမရရှိခဲ့ခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရသည့် နိုင်ငံတော်ကြီးကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေရအောင် ယနေ့မိမိတို့ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်အခါဖြစ်ကြောင်း။

နောက်တစ်ဆင့်တက်လှမ်းနိုင်

နိုင်ငံတော်၏အခြေအနေမှာ ကဏ္ဍတိုင်းတွင် တိုးတက်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီး လက်ရှိအဆင့်ကိုအားပြုလျက် တိုးတက်မှုနောက်တစ်ဆင့်ကို တက်လှမ်းနိုင်မည့် အခြေခံကောင်းများဖြစ်ထွန်းနေသည်ကို တွေ့မြင်ရမှာဖြစ်ကြောင်း။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မန္တလေးတိုင်းရင်းဆေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ တိုင်းရင်းဆေးတက္ကသိုလ်မှဒုတိယပါမောက္ခချုပ်များ၊ ကထိက၊ဌာနမှူးများ၊လက်ထောက်ကထိကများ၊ နည်းပြ၊ သရုပ်ပြများနှင့် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ယနေ့နိုင်ငံတကာကိုကြည့်လျှင် စက်မှုထွန်းကားနေသည့် နိုင်ငံများ ချမ်းသာကြွယ်ဝမှုအားကောင်းနေကြသည်ကို တွေ့မြင်ကြရမှာဖြစ်ကြောင်း။

မိမိတို့အနေဖြင့်လည်း စက်မှုထွန်းကားသည့်နိုင်ငံတော်အဖြစ် တည်ထောင်ရပ်တည်သွားနိုင်ရေးအတွက် လိုအပ်သည့် အရင်းအနှီးနှင့် အတတ်ပညာရှင်များ ပြည့်စုံရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း။

စိုက်ပျိုးရေးအခြေခံကောင်း

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးအခြေခံကောင်းများရှိသည့် နိုင်ငံဖြစ်သည်နှင့်အညီ လယ်ယာစိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများမှတစ်ဆင့် စီးပွားရေးအခြေခံခိုင်မာပြီး စက်မှုအရင်းအနှီးများရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မန္တလေး တိုင်းရင်းဆေးတက္ကသိုလ်ရှိ အပ်စိုက်ကုပညာဌာန၌ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

တစ်ဖက်ကလည်း ပညာရှင်လူ့စွမ်းအား အရင်းအမြစ်များ အပြည့်အဝရရှိရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့နိုင်ငံတော်အတွင်း ဆည်မြောင်းတာတမံ စသည့် စိုက်ပျိုးရေးကို အထောက်အကူဖြစ်စေမည့် ရေရရှိရေးအစီအမံများကြောင့် ရာသီ သီးနှံနှင့် နှစ်ရှည်သီးနှံစိုက်ကွင်းကြီးများ အစီအရီပေါ်ထွက်လာနေသကဲ့သို့ ပညာရေးကဏ္ဍကလည်း အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ်ရရှိရေးအတွက် အစီအမံများစွာ ချမှတ်ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ကြရမှာဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍ

ဤနေရာတွင် ကျန်းမာရေးကဏ္ဍအနေဖြင့်လည်း အရေးပါသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိနေကြောင်း၊ အသိပညာရှင် အတတ်ပညာရှင်များ အပါအဝင် ပြည်သူများ ကျန်းမာရေးကြံ့ခိုင်မှုနှင့် ပြည့်စုံမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အင်ပြည့်အားပြည့် ပါဝင်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း။

မြန်မာ့မီးရထား အ
ခရီးသွားပြည်သူမျာ

ထို့ကြောင့် ပြည်သူများ၏ ကျန်းမာရေ
တိုးတက်စေရအောင်၊ ဆေးရုံ၊ ဆေးပေးခန်းမျာ
ဆေးပညာရှင်များ၊ တိုးပွားလာရေးကိုလည
ကြောင်း။

❐ ယခုကဲ့သို့ နိုင်
မြင့်မားတိုးတ
အချိန်ကာလဝ
မြန်မာ့တိုင်းရင်
ပြန့်ပြန့် လေ့လ
မြန်မာ့တိုင်းရင်
သွားနိုင်သည့်
ဆောင်ရွက်။

မြန်မာ့မီးရထား အဆင့်အတန်းတိုးတက်ရေးအတွက် ရထားလမ်းများ၊ စက်ခေါင်းနှင့်တွဲများ ကောင်းမွန်အောင်ထိန်းသိမ်း ခရီးသွားပြည်သူများ သက်သာချောင်ချိမှုရှိအောင် ပြေးဆွဲချိန် မှန်မှန်ကန်ကန်ဖြင့် စံချိန်ကောင်းအောင် ပြုပြင်ဆောင်ရွက်



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ (မြစ်ငယ်)၌ ထုတ်လုပ်ပြီး ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားများအား ဝန်ချီစက်ကြီးအသုံးပြုကာ စုဆောင်းသိုလှောင်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ထို့ကြောင့် ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်စေရအောင်၊ ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးနေသကဲ့သို့ ဆေးပညာရှင်များ၊ တိုးပွားလာရေးကိုလည်း တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း။

ဤကဲ့သို့ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြင့်မားလာအောင် ဆောင်ရွက်ရာတွင် တိုင်းရင်းဆေးပညာရှင်များသည်လည်း အဓိက အခန်းက ပါဝင်နေကြောင်း။

မိရိုးအားထားသုံးစွဲခဲ့

မိမိတို့ ဘိုးဘွားများလက်ထက်ကပင် မြန်မာ့တိုင်းရင်းဆေးများကို မှီခိုအားထား သုံးစွဲလာခဲ့ကြကြောင်း၊ အထူးသဖြင့် လူဦးရေအများစုနေထိုင်ရာ ကျေးလက်ဒေသများတွင် မြန်မာ့တိုင်းရင်းဆေးများကို အဓိက မှီခိုအားထား သုံးစွဲလာခဲ့ကြကြောင်း၊ အရည်အသွေးပြည့်ဝသည့် မြန်မာတိုင်းရင်းသမားတော်ကြီးများနှင့် အစွမ်းထက်မြက်သည့် တိုင်းရင်းဆေးများလည်း အစဉ်အဆက် ပေါ်ထွက်ခဲ့ကြကြောင်း။

ယနေ့သိပ္ပံပညာရပ်များ ထွန်းကားနေသည့် အချိန်ကာလတွင် မိမိတို့၏ တိုင်းရင်းပရဆေးပင်များ၏ အကျိုးအာနိသင်ရှိမှုကို၊ ပြည့်ပြည့်စုံစုံ စမ်းသပ်စစ်ဆေးပြီး အတိုင်းအဆတိတိကျကျဖြင့် အစွမ်းအာနိသင် ပိုမိုထက်မြက်သည့် တိုင်းရင်းဆေးများအဖြစ် ထုတ်လုပ်သွားရမည်ဖြစ်ကြောင်း။

ဆေးကျမ်းများဖော်ထုတ်

ထို့ပြင် တိမ်မြုပ်နေသည့် တိုင်းရင်းသမားတော်ကြီးများနှင့် ဆေးကျမ်းများကို ရှာဖွေဖော်ထုတ်ပြီး မြန်မာ့တိုင်းရင်းဆေးလောက အဆင့်မြင့် တိုးတက်လာအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယနေ့ကမ္ဘာ၏ ပြောင်းလဲမှုဖြစ်စဉ်အမျိုးမျိုးကို ရှုမြင်ပြီး အရေးကြုံလျှင် သက်လုံကောင်းအောင် အစစအရာရာ မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်အောင် ကြိုးပမ်းကြရန်မှာကြားလိုကြောင်း။

နိုင်ငံတော်အနေဖြင့် မြန်မာ့တိုင်းရင်းဆေးအဆင့်အတန်း မြင့်မားလာစေရန် တိုင်းရင်းဆေးတက္ကသိုလ်ကြီးကို တည်ထောင်ပေးခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ တိုင်းရင်းဆေးရုံများကိုလည်း မြို့ကြီးများနှင့် အချို့သောမြို့နယ်များတွင် ဖွင့်လှစ်ကုသပေးလျက်ရှိကြောင်း၊ အလားတူပင် တိုင်းရင်းဆေးသမားတော်ကြီးများ အရည်အသွေးမြင့်မားလာစေရအောင် တိုင်းရင်းဆေးသမားတော်ကြီး ညီလာခံကိုလည်း နှစ်စဉ်ကျင်းပပေးလျက်ရှိကြောင်း။

စနစ်တကျလေ့လာ

ယခုကဲ့သို့ နိုင်ငံတော်အပိုင်းက တိုင်းရင်းဆေးလောက အဆင့်မြင့်မားတိုးတက်လာအောင် အားပေးမြှင့်တင်ပေးနေသည့်အချိန်ကာလတွင် တိုင်းရင်းဆေးပညာရှင်များကလည်း မိမိတို့ မြန်မာ့တိုင်းရင်းဆေးပညာရပ်များကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် လေ့လာဆည်းပူးပြီး ကမ္ဘာ့တိုင်းရင်းဆေးလောကတွင် မြန်မာ့တိုင်းရင်းဆေးဝါးများ ရှေ့တန်းက ရပ်တည်ဦးဆောင်သွားနိုင်သည့်အဆင့်မျိုး ရောက်ရှိလာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်ရှိ အပ်စိုက်ကု ပညာဌာနတွင် ကျောင်းသား၊ ကျောင်းသူများအား လက်တွေ့အပ်စိုက်ကုသ သင်ကြားနေမှုတို့ကို ကြည့်ရှုကြပြီး ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်သည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက် မန္တလေးတောင်ပတ်လမ်းနှင့် (၁)လမ်းကြားတွင် တည်ရှိသည်။

ယခု ၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ်တွင် ပထမနှစ်၌ ၂၂၁ဦး၊ ဒုတိယနှစ်၌ ၁၀၃ဦး၊ တတိယနှစ်၌ ၁၇၄ဦး၊ စတုတ္ထနှစ်၌ ၁၇၄ဦး စုစုပေါင်း ၆၇၂ဦး တက်ရောက်သင်ကြားလျက်ရှိသည်။ တတိယနှစ်နှင့် စတုတ္ထနှစ် သင်တန်းများတွင် အပ်စိုက်ကုပညာများကိုပါ စာတွေ့လက်တွေ့သင်ကြားပေးလျက်ရှိသည်။

ပရဆေးဥယျာဉ်

သင်ကြားမှုအထောက်အကူပြု ပရဆေးဥယျာဉ်တွင် အဓိက ရောဂါကြီးခြောက်မျိုးအတွက် ပရဆေးပင်စိုက်ကွက်များအပြင် ပြည်နယ်နှင့်တိုင်းများမှ ဆေးဘက်ဝင်အပင်အမျိုးပေါင်း ၃၀၀၊ အပင်အရေအတွက် ၃၀၀၀ ကို စုပေါင်းစိုက်ပျိုးထားပြီး ရှားပါး၍ ဆေးဘက်ဝင်အပင်များကို ထပ်မံစုဆောင်းစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

တိုင်းရင်းဆေးတက္ကသိုလ်ရှိ စာကြည့်တိုက်တွင် ပုရပိုက်များ၊ ဆေးကျမ်းပေစာများ၊ အင်္ဂလိပ်-မြန်မာ တိုင်းရင်းဆေးပညာစာအုပ်များ၊ အင်္ဂလိပ်-မြန်မာ အနောက်တိုင်းဆေးစာအုပ်များအပါအဝင် စာအုပ်စာစောင်များ၊ ဂျာနယ်၊ မဂ္ဂဇင်းများကိုပါ လေ့လာဖတ်ရှု ကိုးကားနိုင်ရန် စုဆောင်းထားရှိသည်။

တိုင်းရင်းဆေးတက္ကသိုလ်ရှိ ပြတိုက်၌ ရှေးဟောင်းတိုင်းရင်းဆေး မြန်မာသမားတော်ကြီးများ၏ ပုံတူပန်းချီကားများ၊ ဓာတ်သတ္တုဆေးဖက်ဝင်ပစ္စည်းများ၊ တိရစ္ဆာန်ထွက် ဆေးဖက်ဝင်ပစ္စည်းများနှင့် အနယ်နယ်အရပ်ရပ်ရှိ သစ်ပင်များမှ ဆေးဖက်ဝင်ပစ္စည်းများကို စနစ်တကျ ထိန်းသိမ်း ပြသထားကြောင်း သိရသည်။

လူစီးတွဲနှင့် ကုန်တွဲစက်ရုံ

မန္တလေးတိုင်း မန္တလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် စက်တင်ဘာ ၁၇ရက် နံနက် ၈နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁၂)က တည်ဆောက်ပြီးစီးသွားသော မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ်နှင့် အမရပူရမြို့နယ်တို့အကြား ဒု႒ဝတီမြစ်ပေါ် ဖြတ်သန်း တည်ဆောက်ထားသည့် မြစ်ငယ်တံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီးနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲစက်ရုံသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား စက်ရုံအစည်းအဝေးခန်းမ၌ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲစက်ရုံ၏ နောက်ခံသမိုင်း၊ စက်ရုံ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် စပ်လျဉ်း၍ ပဏာမ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲစက်ရုံသို့ ရောက်ရှိစဉ် ဆောင်ရွက် အကောင်အထည်ဖော်ရန် လမ်းညွှန်ခဲ့သည့် အဆင့်မီ လူစီးတွဲ၊ ကုန်တွဲများကို အစအဆုံး တည်ဆောက် ထုတ်လုပ်ရန်၊ ခေတ်နှင့်အညီ လိုအပ်လာမည့် အဆင့်မြင့်တွဲများ တည်ဆောက်နိုင်ရေးဆောင်ရွက်ရန်၊ မြစ်ငယ်စက်ရုံ၌ တွဲများကို အရည်အသွေးရှိရှိ ပြင်ဆင်နိုင်ရေးအတွက် လိုအပ်သော စက်ကိရိယာများထည့်ရန်၊ အရန်ပစ္စည်း လိုအပ်ချက် တွက်ချက်၍ အဆင့်လိုက် ဖြည့်ဆည်းရန်၊ စက်နှင့် စက်အရန်ပစ္စည်းများအတွက် ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန အစရှိသော ဝန်ကြီးဌာနများအပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ပါ ဆက်စပ်ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ရန်နှင့် စက်အရန်ပစ္စည်းများ ထုတ်လုပ်ရေးအတွက် Foundry ထူထောင်ရန် မှာကြား လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲစက်ရုံ စက်ရုံမှူး ဦးထွန်းဦးက စက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှု၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

❒ ယခုကဲ့သို့ နိုင်ငံတော်အပိုင်းက တိုင်းရင်းဆေးလောကအဆင့်မြင့်မားတိုးတက်လာအောင် အားပေးမြှင့်တင်ပေးနေသည့်အချိန်ကာလတွင် တိုင်းရင်းဆေးပညာရှင်များကလည်း မိမိတို့ မြန်မာ့တိုင်းရင်းဆေးပညာရပ်များကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် လေ့လာဆည်းပူးပြီး ကမ္ဘာ့တိုင်းရင်းဆေးလောကတွင် မြန်မာ့တိုင်းရင်းဆေးဝါးများ ရှေ့တန်းက ရပ်တည်ဦးဆောင်သွားနိုင်သည့်အဆင့်မျိုး ရောက်ရှိလာအောင် ကြိုးပမ်းဆောင်ရွက်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ မြစ်ငယ်လူစီးတွဲနှင့်ကုန်တွဲစက်ရုံအတွင်းလူစီးရထားတွဲ၊ ကုန်တင်တွဲ၊ သစ်တင်တွဲများ ပြုပြင်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝင်ငွေမှန်မှန်ရရှိရေးနှင့် လေလွင့်မှုမရှိအောင်ဆောင်ရွက် ရထားပို့ဆောင်ရေးဝန်ဆောင်မှု အဆင့်မြှင့်တိုးတက်ရန်ကြိုးပမ်း

● စာမျက်နှာ ၉ မှ

လူစီးတွဲ၊ကုန်တွဲပြင်ဆင်ရန် လျာထားချက်နှင့် အမှန်ဆောင်ရွက်ပြီးစီးမှု၊နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအနက် လူစီးတွဲဘိုဂီများထုတ်လုပ်မှု၊ ကုန်တွဲဘိုဂီများထုတ်လုပ်မှု၊ ကုန်တွဲဘီးများထုတ်လုပ်မှု၊ အော်တိုချိတ်ဆက် ကိရိယာများ ထုတ်လုပ်မှုနှင့် တွဲများအဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ချက်တို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ နိုင်ငံခြားသုံးငွေချွေတာရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ၊ တွဲအရန်ပစ္စည်း အမယ်သစ်များ ပြည်တွင်း၌ ထုတ်လုပ်နိုင်ခဲ့မှုနှင့် စပ်လျဉ်း၍ လည်းကောင်း၊ လူစီးတွဲ၊ကုန်တွဲတည်ဆောက်မှုစနစ်၊ တည်ဆောက်ခဲ့သောတွဲများ၊လက်ရှိတည်ဆောက်နေသော တွဲများ၊ လူစီးတွဲတစ်တွဲတည်ဆောက်ရာတွင် လိုအပ်သော အဓိကပစ္စည်းများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းပြီး သာစည်မြို့ရှောင်မီးရထားလမ်းဖောက်လုပ်ရန် မြေနေရာရွေးချယ်ထားမှုနှင့် မြစ်ငယ်ကားတံတားကို ရထားတံတားအဖြစ် အသုံးပြုရန် ပြုပြင်မွမ်းမံနိုင်မည့် အခြေအနေတို့ကို ထပ်မံရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ထို့နောက် အတွင်းရေးမှူး(၁)က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ဆွေးနွေးမှာကြားရာတွင် နိုင်ငံတော်အကြီးအကဲက မြန်မာ့မီးရထား အဆင့်အတန်း တိုးတက်ရေးအတွက် ရထားလမ်းများ၊ စက်ခေါင်းနှင့်ရထားတွဲများ ကောင်းမွန်အောင် ပြင်ဆင်ထိန်းသိမ်းခြင်း၊ ခရီးသွားပြည်သူများ သက်သာချောင်ချိမှုရှိအောင် ပြေးဆွဲချိန်မှန်မှန်ကန်ကန်ဖြင့် စံချိန်ကောင်းအောင် တစ်ဆင့်ပြီးတစ်ဆင့် ပြုပြင်ဆောင်ရွက်သွားရန် လမ်းညွှန်မှုပေးထားခဲ့ပြီးဖြစ်၍ ယင်းလမ်းညွှန်ချက်များ အကောင်အထည်ပေါ်လာအောင် တီထွင်ကြံဆဆောင်ရွက်သွားရေး။

ရထားတွဲတည်ဆောက်ရာတွင် အသုံးပြုသည့် အပိုပစ္စည်းများကို ဝန်ကြီးဌာနများနှင့်သော်လည်းကောင်း၊ စက်မှုဇုန်များနှင့်သော်လည်းကောင်း ညှိနှိုင်းထုတ်လုပ်သွားရန်၊ ဝင်ငွေမှန်မှန်ရရှိရေးနှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ရေးနှင့် ရထားပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများ အဆင့်မြင့်တိုးတက်ကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသော မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲစက်ရုံမှထုတ်လုပ်သည့် Hook Coupler, Auto Coupler နှစ်မျိုးစလုံး အသုံးပြုနိုင်မည့် စက်ရုံက တီထွင်ထုတ်လုပ်ထားသော ချိတ်ဆက်များ၊ မြန်မာ့မီးရထားက လက်ရှိသုံးစွဲနေသော ချိတ်ဆက်များ၊ စက်ရုံက ထုတ်လုပ်ပြုပြင်ပေးနေသော Auto Coupler အစိတ်အပိုင်းများ၊ စက်ရုံကပြုပြင်ထုတ်လုပ်ထားသော Damperအစိတ်အပိုင်းများ၊ တွဲပြုပြင်မွမ်းမံမှုတွင် ပြောင်းလဲဆောင်ရွက်ရန် ဆောင်ရွက်နေသည့် ရေအိမ် Module စနစ်၊ ရေတိုင်ကီ Module စနစ် ပုံစံငယ်များကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စက်ရုံက တီထွင်ထုတ်လုပ်သည့် အထက်တန်းလူစီးတွဲ တစ်ယောက်ထိုင်ခုံနှင့် နှစ်ယောက်တွဲထိုင်ခုံနမူနာများ၊ ပြုပြင်သုံးစွဲရန် အသင့်ရှိသည့် ဘီးနှင့် ဝန်ရိုးများ၊ ဂဟေဆော်စနစ်ဖြင့် အသားဖို့ထားသည့် ဘီးနှင့်ဂျာနယ်များ၊ ခုတ်စားပြုပြင်ထားသော ဝင်ရိုးများ၊ ဖိုင်ဘာနှင့် ရော်ဘာပစ္စည်းများ၊ စပရိန်အမျိုးမျိုးနှင့် စက်အရန်ပစ္စည်းအမျိုးမျိုးတို့ကိုလည်းကောင်း၊ စက်ရုံအတွင်း ဝန်ထမ်းလုပ်သားများက လူစီးမီးရထားတွဲ၊ကုန်တင်တွဲ၊ သစ်တင်တွဲများ ပြုပြင်ထုတ်လုပ်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားသည်။

ကွန်ကရစ်ဇလီဖားစက်ရုံ

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ(မြစ်ငယ်) သို့ရောက်ရှိကြပြီး စက်ရုံရှိ Ral Clip ထုတ်လုပ်ခြင်း၊ Rubber Pad ထုတ်လုပ်ခြင်း Main Workshop တွင် ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားထုတ်လုပ်ခြင်း လုပ်ငန်းအဆင့်ဆင့်တို့ကို လည်းကောင်း၊ ထုတ်လုပ်ပြီး ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားများ ဝန်ချီစက်ကြီးအသုံးပြုကာ စုဆောင်းသိုလှောင်ထားရှိမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မန္တလေးမြို့ရှိ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်တွင် နေ့စဉ်ထုတ်သတင်းစာများ ရိုက်နှိပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉–၉–၂၀၀၅

(တနင်္လာနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ တေးဂီတအစီအစဉ်
၇:၁၀ ဗီစီဒီလှိုင်းခတ်သံ (ခိုင်ထူး Best-1)
၇:၃၀ နိုင်ငံတကာသတင်းအကျဉ်း
၇:၃၅ မီးအပူပေးပြုပြင်ခြင်းနည်းပညာ
၇:၄၅ တေးဂီတအစီအစဉ်
၇:၅၀ ပြည်တွင်းသတင်းအကျဉ်း
၇:၅၅ ကမ္ဘာ့အမြင်ကမ္ဘာ့စီးပွား (ဒေါက်တာခင်မောင်ညို၊ ဦးမျိုးမြတ်သူ)
၈:၃၀ တေးဂီတအစီအစဉ်
၈:၃၅ မိုးလေဝသခန့်မှန်းချက်
၈:၄၀ အိပ်မက်ပန်းချီပြိုင်ပွဲ
၉:၀၅ တေးဂီတအစီအစဉ်
၉:၁၀ လွယ်ကူသက်သာမြန်မာ့ဟင်းလျာ
၉:၃၀ နိုင်ငံတကာသတင်းအကျဉ်း
၉:၃၅ သံချည်သံကွေးအတတ်ပညာ (အပိုင်း–၁)
၉:၅၀ တေးဂီတအစီအစဉ်
၉:၅၅ ပြည်တွင်းသတင်းအကျဉ်း
၁၀:၀၀ ၂၀၀၅ ခုနှစ် မြန်မာ့သိုင်းပညာပြပွဲနှင့် ဇန်တိုအတိုက်ပြိုင်ပွဲ (အပိုင်း–၁)
၁၀:၄၀ အသည်းရောင် အသားဝါ (စီ)ရောဂါအကြောင်း ဟောပြောချက် (အပိုင်း–၁)
၁၀:၅၅ တေးဂီတအစီအစဉ်
၁၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည (၂၃:၀၀) နာရီအထိ လေးကြိမ်ဆက်တိုက်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League

ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်
၁၀:၀၀ Premier League Highlights
လိုင်း 5-Cartoons (Delay)
၁၀:၃၀ Charlton-Chelsea
လိုင်း 5-Cartoons (Replay)
၁၂:၀၀ Goals
လိုင်း 5-Cartoons (Replay)
၁:၃၀ Arsinal-Everton
လိုင်း 5-Cartoons (Live)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉–၉–၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာ ဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သောဥပ္ပါတသန္တိ ပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၀၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၀ ၈။ အရေးပြိုင်ပွဲ
၈:၂၀ ၉။ ဟင်းရွက်ရေလှောင်တမံ
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ Grammar Made Easy.
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)**
၅:၁၅ ၆။ အကပဒေသာ
၅:၂၅ ၇။ ၂၀၀၅ခုနှစ်၊ တေရသမအကြိမ် (၁၃ကြိမ်မြောက်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ ဝင်များလေ့လာနိုင်ကြရန်မဟာဂီတ (အခြေခံပညာ ၁၅–၂၀နှစ်) (အမျိုးသား၊အမျိုးသမီး)
၅:၄၀ ၈။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအဆိုအကများ
၅:၄၅ ၉။ အဆိုပြိုင်ပွဲ
၅:၅၀ ၁၀။ မြန်မာစာ၊မြန်မာစကား
၆:၀၀ ၁၁။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၆:၁၀ ၁၂။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
၆:၂၀ ၁၃။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး"(အပိုင်း–၂၃)**
၆:၃၀ ၁၄။ ညနေခင်းသတင်း
၇:၀၀ ၁၅။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေးနီမလေးရဲ့ ချစ်ပုံပြင်" (အပိုင်း–၂၃)**
၇:၄၅ ၁၇။ တေးဂီတအစီအစဉ်
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောနေခြည်"(အပိုင်း–၁၃)**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။



မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ တံခွန်သစ် အခြေခံစက်မှုလက်မှုကုမ္ပဏီလီမိတက်၏ သစ်အချောထည်စက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

➪ စာမျက်နှာ ၁၀ မှ

ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံမှ တစ်ရက်လျှင် ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖား ၁၀၀၀တုံး၊ ရော်ဘာပက် Rubber Pad ၃၀၀၀ ခု၊ ပင်ဒေါကလစ် (Pandrol Clip) ၅၀၀၀ ခုနှင့် လျှပ်ကာပက် ၂၀၀၀ခု ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

သစ်အချောထည်ထုတ်လုပ်

ယင်းမှတစ်ဆင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ တံခွန်သစ် အခြေခံ စက်မှုလက်မှု ကုမ္ပဏီလီမိတက်၏ သစ်အချောထည်စက်ရုံသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များအား ရှင်းလင်းခန်းမ၌ ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးသိန်းထွန်း (အငြိမ်းစား) က စက်ရုံဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ စက်ရုံ၏တည်နေရာနှင့် အကျယ်အဝန်း၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်ထုတ်လုပ်မှုတို့ကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး (၁)က လိုအပ်သည်များကို မှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းမှ တစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တပ်မတော်လေယာဉ်ဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြန်လည်ထွက်ခွာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

အတွင်းရေးမှူး(၁)၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စက်တင်ဘာ ၁၇ရက် နံနက် ၆နာရီတွင် မန္တလေးမြို့ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ကိုယ်ပွား) သတင်းစာတိုက်သို့ရောက်ရှိပြီး နေ့စဉ်ထုတ်သတင်းစာများ ရိုက်နှိပ်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ သတင်းစာများ အရည်အသွေးကောင်းမွန်ရေး၊ နေ့စဉ်အချိန်မီ ရိုက်နှိပ်ပြီးစီးရေး၊ မန္တလေးမြို့ပေါ်ရှိ ပြည်သူများ သတင်းစာကို နံနက်စောစော ဖတ်ရှုနိုင်အောင် နေ့စဉ်အချိန်မီ ဖြန့်ဝေပေးရေး၊ မန္တလေးဝန်းကျင်ရှိမြို့များတွင်လည်း သတင်းစာကို နေ့ချင်းဖတ်ရှုနိုင်အောင် သက်ဆိုင်ရာယာဉ်လိုင်းများကတစ်ဆင့် အချိန်မှန်ပို့ဆောင်ရေး၊ ပုံနှိပ်စက်များ ရေရှည်အသုံးပြု လည်ပတ်နိုင်စေရန် နေ့စဉ်၊ အပတ်စဉ်၊ လစဉ်ကြွခိုင်ရေးများ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် စက်ရုံရုံးခန်းမ၌ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးပုံနှိပ်စက်ရုံတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဝန်ကြီးထံတင်ပြကြပြီး ဝန်ကြီးက မန္တလေးတိုင်းအတွင်းရှိ ကျေးရွာအားလုံး ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်နိုင်ရေး၊ မန္တလေးမြို့၌ စာအုပ်လှူဒါန်းပွဲ မကြာမီကျင်းပနိုင်ရန် ပြင်ဆင်ဆောင်ရွက်ရေး၊ သတင်းစာများ ထပ်မံဝယ်ယူဖတ်ရှုလိုသူများရှိက စာရင်းကောက်ခံတင်ပြရေး၊ မိမိတို့ရုံးဌာန၊ စက်ရုံများ၌ မီးဘေးအန္တရာယ်နှင့် လုံခြုံရေးကိစ္စများကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရေး တို့ကို မှာကြားခဲ့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအရှေ့ပိုင်း၊ အလယ်ပိုင်းနှင့် အောက်ပိုင်းတို့တွင် မိုးပိုလာနိုင်

ရန်ကုန် စက်တင်ဘာ ၁၈

လွန်ခဲ့သော ၂၄နာရီအတွင်းက ကရင်ပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာ ကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် မုန်တိုင်းငယ်အဖြစ်အားကောင်းလာကာ ယနေ့နံနက် မြန်မာစံတော်ချိန်ဝ၆း၃ဝနာရီအချိန်တွင် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

ထူးခြားသည့်အခြေအနေမှာ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော "ဗီးဆင့်"အမည်ရှိ အပူပိုင်းမုန်တိုင်းသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၆း၃ဝနာရီအချိန်တွင် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့အနီးမှ ကမ်းခြေကို ဖြတ်ကျော်လျက်ရှိသည်။ ဗီးဆင့်မုန်တိုင်းသည် အနောက် ဘက်သို့ရွေ့လျားကာ မြန်မာနိုင်ငံပေါ်သို့ ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် အားပျော့ကာ ဖြတ်ကျော်နိုင်သည်။

စက်တင်ဘာ၁၉ရက်နေ့ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်း၈ဝဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင်၄၅မိုင်ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်း၊ အလယ်ပိုင်းနှင့် အောက်ပိုင်းတို့တွင် မိုးပိုလာနိုင်သည်။

တရားစီရင်ရေး မှာကြားချက် ထပ်ဆင့်ရှင်းလင်း

ရန်ကုန် စက်တင်ဘာ ၁၈

မွန်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ် တရားရုံးများမှ တရားသူကြီးများ၊ ဒုတိယဦးစီးအရာရှိများ၊ ရုံးဝန်ထမ်းများ၏ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၆ရက် နံနက် ၁ဝနာရီတွင် မွန်ပြည်နယ် တရားရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တရားသူကြီးချုပ်၏ တရားစီရင်ရေးဆိုင်ရာ မှာကြားချက်ကို ပြည်နယ် တရားသူကြီးဦးလှဝင်းက ထပ်ဆင့်ရှင်းလင်းမှာကြားသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

ရန်ကုန် စက်တင်ဘာ ၁၈

၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၈ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီ ၅၆မိနစ် ၄၅စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၄၉၅မိုင်ခန့်ကွာဝေးသော ဟုမ္မလင်းမြို့အနီးကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၇ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

(သတင်းစဉ်)

ဝိပဿနာ ခုနစ်ရက်တရားစခန်း ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၈

မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ကျေးရွာအနီးရှိ ထေရဝါဒဗုဒ္ဓသာသနာပြုဌာန၊ တန့်ကြည့်တောင် ဝိပဿနာရိပ်သာ(ရန်ကုန်)၌ သတိပဋ္ဌာန် ဝိပဿနာ ခုနစ်ရက်အဓိဋ္ဌာန်ပွဲများကို စက်တင်ဘာ ၂၃ ရက်မှ ၃၀ ရက်အထိ၊ အောက်တိုဘာ ၂၁ရက်မှ ၂၈ရက်အထိ၊ နိုဝင်ဘာ ၂၅ရက်မှ ဒီဇင်ဘာ ၂ရက်အထိ ပြုလုပ်မည်ဖြစ်ရာ အဓိဋ္ဌာန်ဝင်လိုသူ ယောဂီများသည် ရိပ်သာဖုန်း-၂၄၇၅၅၇ နှင့် ကပ္ပိယကာရက အဖွဲ့ဝင်များထံ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဆေးဝါးကုသ၊ တိုင်းရင်းဆေးလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၈

စက်တင်ဘာ ၁၇ ရက် ဂရုဓမ္မအခါတော်နေ့ (တော်သလင်းလပြည့်နေ့)က ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော် အောင်တော်မူဆုတောင်းပြည့် ပဏ္ဍိတာရာမ ပရိယတ္တိစာသင်တိုက်ကြီး၌ ပဓာန နာယက ဆရာတော် ဦးကေလာသနှင့် သံဃာတော်များအား အမှူးထား၍ ဆေးမှာဘုရင် မိခင်တိုင်းရင်းဆေးဝါး ထုတ်လုပ်ကုသဖြန့်ချိရေးမှ တိုင်းရင်းဆေးဆရာကြီး ဦးမြင့်သောင်း မိသားစုက သံဃာတော်များ၊ ဥပုသ်သည်များ၊ ဝေဒနာရှင်များအား ဆေးဝါးကုသပေး၍ ဆေးများလှူဒါန်းခဲ့ကြောင်း သိရသည်။ (၃၁)

မုန်တိုင်းအရှိန်ကြောင့် မိုးသက်လေပြင်း ကျနိုင်

ရန်ကုန် စက်တင်ဘာ ၁၈

ယနေ့ မြန်မာစံတော်ချိန် ညနေ ၃နာရီခွဲအချိန် မိုးလေဝသဂြိုဟ်တုတိုင်းထွာချက်များအရ ဗီးဆင့်အမည်ရှိ ကုန်းတွင်းမုန်တိုင်းသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၏ အရှေ့မြောက်ဘက်မိုင် ၃၀၀ခန့်အကွာကို ဗဟိုပြုနေသည်။ ယင်းမုန်တိုင်းငယ်သည် အနောက်ဘက်သို့ ရွေ့လျားကာ မြန်မာနိုင်ငံပေါ်သို့ နောက်နာရီ အနည်းငယ်အတွင်း ဖြတ်ကျော်နိုင်သည်။

အဆိုပါ မုန်တိုင်း၏ အရှိန်ကြောင့် ယနေ့ညနေမှ နောက် ၄၈နာရီအတွင်း မြန်မာနိုင်ငံ အရှေ့ပိုင်း၊ အလယ်ပိုင်းနှင့် အောက်ပိုင်း အချို့ဒေသများ၌ မိုးသက်လေပြင်းများ ကျရောက်ပြီး ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၄၅မိုင်အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၉-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

- **၇း၀၀** ၁။ မြဝတီအဖွင့်
- **၇း၀၅** ၂။ အဖွင့်သီချင်း
- **၇း၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇း၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇း၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇း၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇း၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈း၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈း၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈း၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈း၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄း၀၀** ၁။ မြဝတီအဖွင့်
- **၄း၀၅** ၂။ အဖွင့်သီချင်း
- **၄း၁၀** ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၄း၁၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄း၂၅** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄း၃၅** ၆။ မျိုးချစ်တပ်မတော်
- **၄း၄၅** ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅း၀၀** ၈။ **အဝေးသင် တက္ကသိုလ် ပညာရေးပို့ချမှု အစီအစဉ်** – Consignment Account (ပထမနှစ်-စီးပွားရေးပညာ)
- **၅း၄၀** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆း၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆း၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆း၂၀** ၁၂။ မိုးလေဝသသတင်း
- **၆း၂၅** ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆း၄၀** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇း၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း 'ပျံသာပျံပါထက်အာကာ' (အပိုင်း-၈)**
- **၈း၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ မေးမြန်းစူးစမ်း
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း 'ရေဆန်ဓား' (အပိုင်း-၇)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

ရှမ်းပြည်နယ်(တောင်ပိုင်း)၏ ၂၀၀၅ခုနှစ် စာတတ်မြောက်မှုနှုန်း ၉၁ ဒသမ ၈၀ ရာခိုင်နှုန်းထိ တိုးတက် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်သည် အထက်မြန်မာနိုင်ငံတွင် အဆင့်(၁)ရရှိ

● **နိုင်ငံတော်မှ**

ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ အင်အား ၅၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထင်ကျော်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်၏ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများသည် တိုးတက်ပြောင်းလဲနေပြီး လူတိုင်း အခြေခံပညာသင်ယူခွင့် အခွင့်အလမ်းများ တိုးတက်ရရှိနေပြီ ဖြစ်ကြောင်း၊ ကျောင်းနေအရွယ် ကလေးတိုင်း မူလတန်းပညာ သင်ကြားရေးမှတစ်ဆင့် အလယ်တန်း၊ အထက်တန်းပညာအထိ ဆက်လက်သင်ကြားခွင့်ရရှိစေရန် မူလတန်းကျောင်းများကို အလယ်တန်း၊ အထက်တန်းအဆင့်အထိ တိုးမြှင့်ဖွင့်လှစ်ပေးနေကြောင်း။

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအဖွဲ့တို့ ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျန်းမာရေးနှင့် ပညာရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းငွေဌေးက မတ်လန်းကျေးရွာ စာကြည့်တိုက်အတွက် သုတစာအုပ် ၃၀၀ ကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအိန္ဒထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အထူးကုဆေးရုံအပါအဝင် ဆေးရုံပေါင်း ၅၂ ခုနှင့် ကျေးလက်ကျန်းမာရေးဌာန ၅၉ခု၊ ကျန်းမာရေးဌာနခွဲ ၂၇၃ခုရှိပြီး လွိုင်လင်ခရိုင်၌ ခုတင်(၂၀၀)ဆံ့အထူးကုဆေးရုံကြီးနှင့် လဲချားမြို့နယ်၌ ၂၅ ခုတင်ဆံ့ ဆေးရုံတစ်ရုံ၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာနတစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနတစ်ခုနှင့် ကျန်းမာရေးဌာနခွဲ လေးခုရှိနေပြီဖြစ်ကြောင်း။

ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ယခင်စိုက်ပျိုးမြေဧက ခြောက်သိန်းကျော်ရှိရာမှ စိုက်ပျိုးမြေဧက ၁၀သိန်းကျော်အထိ တိုးတက်စိုက်ပျိုးလာနိုင်ပြီး လဲချားမြို့နယ်၌ စပါးစိုက်ဧက ၃၆၇၉၄ ဧကရှိသဖြင့် ၂၀၀၄-၂၀၀၅ခုနှစ်တွင် ဝမ်းစာဖူလုံမှု ၂၂ဒသမ ၃၅ရာခိုင်နှုန်းအထိ တိုးချဲ့ စိုက်ပျိုးထုတ်လုပ်နိုင်ကြောင်း၊ ကြက်သွန်ဖြူ၊ ပဲပုပ် စသည့် အခြားသီးနှံများကိုလည်း ပြည်ပပို့ကုန်အထိ ဖြန့်ဖြူးရောင်းချနိုင်ရန် စီစဉ်လျက်ရှိကြောင်း။

လျှပ်စစ်စွမ်းအားကဏ္ဍတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ ဓာတ်အားမဂ္ဂါဝပ် ၃၀ ထုတ်လုပ်ပေးနိုင်သည့် ဇော်ဂျီ(၁)၊ ဇော်ဂျီ(၂) အလတ်စား ရေအားလျှပ်စစ်စက်ရုံနှင့် ပင်လောင်းမြို့နယ် တီကျစ်ဒေသပြင်သာကျေးရွာ၌ ၁၂၀မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်သည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတို့ကို တည်ဆောက်ပေးခဲ့ကြောင်း၊ ဆက်လက်၍ ၅၄မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည့် ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် မဂ္ဂါဝပ် ၇၃၀ ထုတ်လုပ်ပေးနိုင်မည့် တာဆန်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းကြီးများကို တည်ဆောက်ပေးနေပြီဖြစ်ကြောင်း၊ လဲချားမြို့နယ်၌ ကျေးရွာကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ် ရရှိနေသည့် ကျေးရွာ ၇၄ရွာ ရှိနေပြီဖြစ်ကြောင်း။

ယခု မတ်လန်းကျေးရွာရှိ မတ်လန်းတံတားကို ယခင်က သစ်သားတံတားမှ ယခုအခါ သံကူကွန်ကရစ်တံတားကြီးကို ငွေကျပ်သိန်းပေါင်း ၂၈၆၁သိန်း အကုန်အကျခံ၍ ဆောက်လုပ်ပေးခဲ့ကြောင်း၊ ကျေးရွာချင်းဆက်လမ်းများ၊ တံတားများကိုလည်း ဆောက်လုပ်ပေးခဲ့ကြောင်း။

ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရေတွင်း၊ ရေကန်များ တူးဖော်တည်ဆောက်ပေးသည့်အပြင် ကျေးလက်ဒေသများအတွက် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက်ပေးခြင်း၊ ကျေးရွာတိုင်း စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်း စသည်တို့ကြောင့် ကျေးလက်ဒေသများသည် ဘက်စုံ၊ ကဏ္ဍစုံမှ တိုးတက်ဖွံ့ဖြိုးလာကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အပိုင်းက ဆောင်ရွက်ပေးနေမှုအပေါ် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်ကြောင်း၊ ယခုဆိုလျှင် ပြည်သူက ပေါက်ဖွားလာသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်အသင်း စသည့် လူမှုရေးအသင်းအဖွဲ့များသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စွမ်းအားပြည့် ပါဝင်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့် ပညာရေး အထောက်အကူပြုပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ခရိုင် ကျန်းမာရေးဦးစီး

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ✦

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအဖွဲ့တို့ ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျန်းမာရေးနှင့် ပညာရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲတွင် ခရိုင်မိခင်နှင့်ကလေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထွေးထွေးလှက မတ်လန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၆၇ဦးအတွက် ကျောင်းသုံးစာအုပ်ဒါဇင် ၃၀နှင့် ကက်ဆက်တစ်လုံးကို ကျေးရွာကျောင်းအကျိုးတော်ဆောင် ဦးစန္ဒအား ပေးအပ်စဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအဖွဲ့တို့ပူးပေါင်း၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ ကျန်းမာရေးနှင့် ပညာရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲတွင် ခရိုင်ကျန်းမာရေးဌာနမှူး ဒေါက်တာချိုထွန်းက ကျန်းမာရေးဆေးဝါးပစ္စည်းများကို မတ်လန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမ ဒေါ်ဟန်ဇာထွန်းအား ပေးအပ်စဉ်။ (သတင်းစဉ်)

ပညာရေး၊ ကျန်းမာရေး

ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု၊ ရှမ်းပြည်နယ်၌ ဖွံ့ဖြိုးရေး အထူးဒေသဇုန်ကြီး လေးခုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ချမှတ်ဆောင်ရွက်နေကြောင်း။

ရှမ်းပြည်နယ်(တောင်ပိုင်း)၏ ပညာရေးကဏ္ဍ တိုးတက်မှုသည် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံမှု ၉၆ ဒသမ ၆၉ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း၊ ပြည်နယ်အတွင်း အခြေခံပညာ ကျောင်းပေါင်း ၂၃၅၁ ကျောင်းရှိပြီး Multimediaတပ်ဆင်ပြီး ကျောင်း ၁၂၆၄ကျောင်းတိတိ တိုးတက်လာခဲ့ကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ် နှစ်ခု၊ ပညာရေးကောလိပ် တစ်ခု၊ E-Learning Centre ၃၀ ခု ဖွင့်လှစ်ခဲ့ပြီး သိပ္ပံနှင့်နည်းပညာကဏ္ဍတွင် အစိုးရကွန်ပျူတာကောလိပ်နှစ်ခု တည်ဆောက်ဖွင့်လှစ်ပြီးဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၏ ၂၀၀၅ခုနှစ် စာတတ်မြောက်မှုနှုန်းသည် ၉၁ဒသမ ၈၀ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း၊ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်သည် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးတွင် အဆင့်(၄)ရရှိပြီး အထက်မြန်မာနိုင်ငံတွင် အဆင့်(၁)ရရှိကြောင်း၊ ထို့ကြောင့် ရှမ်းပြည်နယ်၏ ပညာရေးကဏ္ဍသည် အဆင့်မနိမ့်ကြောင်း၊ လဲချားမြို့နယ်၌ အခြေခံပညာကျောင်းပေါင်း ၅၂ကျောင်းရှိပြီး ကျေးရွာတိုင်း မူလတန်းကျောင်းများ ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ အခြေခံပညာအောင်မြင်ပြီးနောက် ပင်လုံတက္ကသိုလ်၊ အစိုးရကွန်ပျူတာကောလိပ်နှင့် နည်းပညာကောလိပ်များသို့ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားနေကြပြီဖြစ်ကြောင်း။

ရှမ်းပြည်နယ်၏ ကျန်းမာရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် ပြည်နယ်အတွင်း

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် မတ်လန်းကျေးရွာ၌ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကျေးလက်စကားဝိုင်းများဖွဲ့ပြီး ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးရေးကိစ္စများ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ဘက်စုံ၊ ကဏ္ဍစုံမှ တိုးတက်

ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ရေတွင်း၊ ရေကန်များ တူးဖော်တည်ဆောက်ပေးသည့်အပြင် ကျေးလက်ဒေသများအတွက် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက်ပေးခြင်း၊ ကျေးရွာတိုင်း စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်း စသည်တို့ကြောင့် ကျေးလက်ဒေသများသည် ဘက်စုံ၊ ကဏ္ဍစုံမှ တိုးတက်ဖွံ့ဖြိုးလာ။

ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) ရေစမ်းသပ်ပို့လွှတ်မှု မြို့တော်ဝန်ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့ နံနက်က ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ် အထယုကျေးရွာအနီးရှိ ရန်ကုန်မြို့တော် ရေပေးဝေရေး စီမံကိန်း(ငမိုးရိပ်)သို့ ရောက်ရှိလာရာ ကော်မတီဝင်ဦးကျော်စိုး၊ ရာဖြတ်ဌာနဌာနမှူး ဒေါက်တာထွန်းသန်းထွန်း၊ အင်ဂျင်နီယာဌာန (အဆောက် အအုံ)ဌာနမှူး ဦးဇော်ဝင်း၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဦးသောင်းရင်၊ ဗဟိုပစ္စည်းထိန်းဌာန ဌာနမှူး ဦးဇော်ဌေး၊ စစ်ဆေးရေးဌာန ခေတ္တဌာနမှူး ဦးအောင်စိုးသန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း သည် စီမံကိန်းဝင်းအတွင်း ရေခေါ် တူးမြောင်းမှ ရေစုကန်များသို့ ရေဝင်ရောက်မှု၊ ရေစုကန်မှ ရေတင်ပန့်ဖြင့် ရေစစ်ကန်သို့ရေပို့လွှတ်ရန် ရေစမ်းသပ် တင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့တော်ဝန်သည် အကြို အနယ်ထိုင်ကန်၊သဲရေစစ်ကန်၊ ရေတွန်းစက်ရုံ၊ လျှပ်စစ်ဓာတ်အားခွဲရုံများ ဆောင်ရွက်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုသည်။

မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ရှင်းလင်းဆောင်၌ တာဝန်ရှိသူများအားတွေ့ဆုံ၍ ယခုရေပေးဝေရေးစီမံကိန်း ပထမအဆင့်ကို ယခု ၂၀၀၅ခုနှစ်အတွင်း အပြီးသတ်ဆောင်ရွက်၍ ရေဂါလန် ၄၅သန်း စတင်ဖြန့်ဝေရမည်ဖြစ်ရာ နေ့/ည ဝီရိယစိုက်ထုတ်လုပ်ဆောင်သွားရန် မှာကြားသွားသည်။

(၁၉)

မြန်မာလိပ်ဂ်အဆင့်မြင့်တန်းအမှတ်ပေးပွဲ မြို့တော်စည်ပင်က ကမ္ဘောဇကိုအနိုင်ရ

ရန်ကုန် စက်တင်ဘာ ၁၈

၂၀၀၅-၂၀၀၆ ခုနှစ် ဘောလုံးရာသီမြန်မာလိပ်ဂ်အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက လှူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်းတွင်ကျင်းပရာ မြို့တော်စည်ပင်အသင်းက ကွင်းဖွင့်ဖလား ချန်ပီယံ ကမ္ဘောဇအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

မြို့တော်စည်ပင် တစ်ဂိုး။

(ကမ္ဘောဇအသင်းမှ ဉာဏ်လွင်-ကိုယ့်ဂိုးကိုယ်သွင်း)

ကမ္ဘောဇ ဂိုးမရှိ။

မြို့တော်စည်ပင်အသင်းသည် ကွင်းဖွင့်ဖလားပြိုင်ပွဲမှ ရှုံးကြွေးကိုပြန်ပေးဆပ်ပြီး ပွဲဦးထွက်သုံးမှတ်ရယူသွားသည်။ မြို့တော်စည်ပင်အသင်းသည် ပွဲစသည်နှင့် မိုးထဲရေထဲ၌ပင် ဂိုးရရှိရေး ကြိုးစားကစားသွားသည်။ ကွင်းဖွင့်ဖလားချန်ပီယံ ကမ္ဘောဇအသင်းမှာ မြို့တော်စည်ပင်အသင်း၏ ထိုးဖောက်မှုကို ကာကွယ်ဖျက်ထုတ်ရင်း တန်ပြန်တိုက်စစ်ဖြင့်ကစားခဲ့ရသည်။

အနိုင်ဂိုး

ပွဲစပြီး မကြာမီပင် မြို့တော်စည်ပင်မှ ထိုးဖောက်ဂိုးသွင်းမှုကို ကမ္ဘောဇအသင်း နောက်တန်းက ဂိုးစည်းပေါ်မှဖျက်ထုတ်ခဲ့သဖြင့်မြို့တော်စည်ပင်အသင်းတစ်ဂိုးနစ်နာခဲ့ရသည်။ ကမ္ဘောဇအသင်းက ပယ်နယ်တီဧရိယာအတွင်းမှ အပိုင်ကန်သွင်းခွင့် တစ်ကြိမ်ရရှိခဲ့သော်လည်း ဂိုးပေါ်ကျော်သွားခဲ့သည်။ နှစ်သင်းစလုံးအပြန်အလှန် ထိုးဖောက်ကစားရင်း ၃၇ မိနစ်တွင် မြို့တော်စည်ပင်အသင်း ဘယ်ခြမ်းမှဂိုးရှေ့သို့ ကန်တင်ပေးသည့်ဘောလုံးကို ကမ္ဘောဇအသင်းမှဉာဏ်လွင်ဂိုးသမားထံခေါင်းတိုက်ပြီး ပြန်ပေးရာမှ ကိုယ့်ဂိုးကိုယ်သွင်းမိသဖြင့် မြို့တော်စည်ပင် တစ်လုံးတည်းသောအနိုင်ဂိုးရရှိသွားသည်။

တစ်ဂိုး-ဂိုးမရှိ

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးရရှိရေးအတွက် ကြိုးစားကစားခဲ့ကြသော်လည်း ဂိုးမရရှိခဲ့၍ မြို့တော်စည်ပင်က ကမ္ဘောဇအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ (ကြေးမုံ)

❖ စာမျက်နှာ ၁၂ မှ

ဌာနမှူး ဒေါက်တာချိုထွန်းက ကျန်းမာရေး ဆေးဝါးပစ္စည်းများကို မတ်လန်းကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနခွဲမှ သားဖွားဆရာမ ဒေါ်ဟန်ဇာထွန်းထံလည်းကောင်း၊ မတ်လန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ၆၇ဦးအတွက် ကျောင်းသုံးစာအုပ်ဒါဇင်၃၀နှင့်ကက်ဆက်တစ်လုံးတို့ကို ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ထွေးထွေးလှက ကျေးရွာကျောင်းအကျိုးတော်ဆောင် ဦးစန္ဒထံလည်းကောင်း၊ မတ်လန်းကျေးရွာ စာကြည့်တိုက်အတွက် သုတစာအုပ် ၃၀၀ကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းငွေဌေးက ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဦးအိန္တထံလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ဖောဖောသီသီ

ယင်းနောက် မတ်လန်းကျေးရွာ ပြည်သူလူထုကိုယ်စား ကျန်းမာရေး ဌာနမှ ဒေါ်နန်းကြွယ်ဌေးက ကျေးဇူးတင်စကားပြောကြားရာတွင် မတ်လန်းကျေးရွာသည် စပါး၊ ပဲ၊ ကြက်သွန်နှင့် ဆီထွက်သီးနှံများ အထွက်ကောင်းသဖြင့် ရပ်ရွာလူထုသည် ဖောဖောသီသီ စားသုံးနေနိုင်ကြကြောင်း၊ တစ်ပိုင်တစ်နိုင် ကြက်၊ ဝက်မွေးမြူရေးလုပ်ငန်းများလည်း လုပ်ကိုင်ကြသဖြင့် ဝမ်းစာဖူလုံပြီး အာဟာရ ပြည့်ပြည့်ဝဝ စားသုံးနိုင်ကြောင်း၊မိမိတို့ဒေသ၌ အာဟာရ ချို့တဲ့နေသူမရှိကြောင်း၊ HIV/AIDS ရောဂါခံစားနေရသူလည်း မရှိကြောင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့များကလည်း မကြာခဏလာရောက်ပြီး ကလေးရောဂါမိခင်ပါ ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြောင်း၊ အမျိုးသမီး ငယ်ရွယ်များ လူကုန်ကူးမှုမခံရအောင်၊ အကြမ်းဖက်မှုမခံရအောင် ပညာပေး ဟောပြောကြကြောင်း၊ ထို့ကြောင့် ကျန်းမာရေးသုခ ခံစားနေရပြီး ဒုက္ခကြုံတွေ့မှု မရှိကြောင်း၊ ပေးအပ်လှူဒါန်းသည့် ပညာရေးနှင့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများကိုကျေးရွာအတွက် အကျိုးရှိရှိ အသုံးပြုသွားမည်ဖြစ်ကြောင်းပြောကြားသည်။

ကလေးတိုင်းကျောင်းနေ

ဆက်လက်၍ ရပ်မိရပ်ဖများ၏ ကိုယ်စား မတ်လန်းကျေးရွာမှ ဦးစိုင်းထွန်းဦးက ကျေးဇူးတင်စကားပြောကြားရာတွင် ယခင်ကဆိုလျှင် ကျေးရွာ၌ ကျောင်းရှိသော်လည်း ကျောင်းသားက မရှိ၊ ဆရာက မရှိကြောင်း၊ ယခုဆိုလျှင် ကျောင်းဆရာ ဆရာမ စုံစုံလင်လင်ဖြင့်ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေကြပြီဖြစ်ကြောင်း၊ မူလတန်းပညာ အောင်မြင်ပြီးနောက် လဲချားမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်သင်ကြားနိုင်ပြီး မတ်လန်းကျေးရွာနှင့် ၂၆မိုင်ခန့် ဝေးသည့် ပင်လုံတက္ကသိုလ်သို့ သွားရောက်ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းရရှိနေပြီဖြစ်ကြောင်း၊ ကျေးလက်ဒေသသည် မြို့ပြနှင့်မခြား ဘက်ပေါင်းစုံကတိုးတက်လာနေပြီ ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများပေးအပ် လှူဒါန်းသည့် အချိန်နှင့် တစ်ပြိုင်တည်းမှာပင် လွိုင်လင်ခရိုင်အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးနှင့် သမားတော်ကြီးများ ပါဝင်သောအဖွဲ့သည် ဒေသခံပြည်သူ ၃၅၆ဦးတို့အား အခမဲ့ဆေးကုသပေးမှုများကို ဆောင်ရွက်ပေးကြသည်။

အလားတူ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့များကလည်း ကျေးလက်စကားဝိုင်းများဖွဲ့ပြီး ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးရေးကိစ္စရပ်များကိုဆွေးနွေးခဲ့ကြသည်။ ယင်းစကားဝိုင်းတွင် မြို့နယ်နှင့် ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဝင်များက မတ်လန်းကျေးရွာ၌ ဆောင်ရွက်ပေးခဲ့သော ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆွေးနွေးတင်ပြကြသည်။ထို့နောက် မတ်လန်းကျေးရွာမှ သက်ကြီးရွယ်အို အဘိုးအဘွားများအား ကူညီထောက်ပံ့မှုများ ပေးခဲ့ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရ လက်ထက်တွင် နိုင်ငံတော်၏အား၊ ရပ်ရွာ ပြည်သူလူထု၏အားတို့ ဟန်ချက်ညီညီ ပေါင်းစည်းမှုဖြင့် ကျေးလက်ဒေသများ ပါမကျန် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့ကြရာ ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်မှ မတ်လန်းကျေးရွာသည်လည်း ယခင်နှင့်မတူ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်သည်မှာ မျက်ဝါးထင်ထင်ဖြစ်သည်။ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပ အဆိုးမြင်ဝါဒီများ၏ ဝေဖန်ပုတ်ခတ်စွပ်စွဲချက်များသည် မဟုတ်မမှန်ကြောင်း မတ်လန်းကျေးရွာ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအခြေအနေအရပ်ရပ်က ဖော်ပြလျက်ရှိသည်။

(သတင်းစဉ်)

မရမ်းကုန်းမြို့နယ် အောင်သိဒ္ဓိ (၃)ရပ်ကွက်၊ ပါမောက္ခလမ်းနေ ဦးစန်းအုံးမိသားစုက အလှူငွေ အမေရိကန်ဒေါ်လာ၁၀၀ကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်) သို့ လှူဒါန်းရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ခေါင်းဆောင် ဒေါ်သန်းချို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကျင်းပ ချယ်လ်ဆီးအသင်း ဦးဆောင်နေဆဲ

လန်ဒန် စက်တင်ဘာ ၁၈

အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၆)ကို စနေနေ့ကကျင်းပရာ ချယ်လ်ဆီးအသင်းက ချာလ်တန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဝက်စ်ဟမ်းအသင်းက ဖူလ်ဟမ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိပြီး အက်စတန်ဗီလာနှင့် စပါးစ်၊ ပို့စ်မောက်နှင့် ဘာမင်ဂန်၊ ဆန်ဒါလန်းနှင့်ဝက်စ်ဘရွန်းတို့၏ပွဲများတွင် တစ်ဖက်တစ်ဂိုးစီဖြင့်အသီးသီးသရေကျခဲ့ကြသည်။

ချယ်လ်ဆီး-ချာလ်တန်

ချန်ပီယံချယ်လ်ဆီးအသင်းသည် ချာလ်တန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီးခြောက်ပွဲကစား ခြောက်ပွဲနိုင် ရပ်တည်ချက်ဖြင့် ပရီမီယာလိဂ် အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှရပ်တည်လျက်ရှိသည်။

ပွဲချိန် ၅၅မိနစ်တွင် ချယ်လ်ဆီးအသင်းမှ ဟာနန် ခရက်စ်ပိုက အဖွင့်ဂိုးကို ခေါင်းတိုက်သွင်းယူခဲ့သည်။ အာဂျင်တီးနားတိုက်စစ်မှူး ခရက်စ်ပိုဂိုးသွင်းပြီး ငါးမိနစ်အကြာတွင် ဒတ်ချ် တောင်ပံကစားသမား အာဂျင်ရော်ဘင်က ဒုတိယဂိုးသွင်းနိုင်ခဲ့သည်။

ပွဲချိန် ၆၃မိနစ်တွင် ဒတ်ဖ်၏နေရာ၌ လူစားဝင်လာသူ ရှိုက်ဖီးလစ်သည် ချယ်လ်ဆီးအသင်းအတွက် တတိယမြောက်ဂိုးကိုသွင်းယူရန်ကြိုးပမ်းခဲ့သော်လည်း ချာလ်တန်ဂိုးသမား အင်ဒါဆင်ကာကွယ်လိုက်နိုင်သည်။

ဝက်စ်ဟမ်း-ဖူလ်ဟမ်

ယခုပွဲတွင် တိုက်စစ်မှူး မာလွန်ဟဲဝုဒ်က ဝက်စ်ဟမ်းအသင်းအတွက် အောင်ပွဲခံရန်ထူးထူးခြားခြားကစားခဲ့သူဖြစ်သည်။ ပြီးခဲ့သည့်တနင်္လာနေ့က အက်စ်တန်ဗီလာအသင်းကို လေးဂိုးပြတ်ခြင့်အနိုင်ရရှိခဲ့သည့် ပွဲတွင်လည်း ဟဲဝုဒ်ကပင် တစ်ဦးတည်းသုံးဂိုးသွင်းယူကာ Hat-Trick ရရှိခဲ့သည်။

ဦးဆောင်နေခဲ့

ပွဲချိန် ၄၆မိနစ်တွင် ဝက်စ်ဟမ်းအသင်းမှ ဟဲဝုဒ်က ဂိုးသွင်းနိုင်ခဲ့ပြီး ပွဲမှာ ပိုမိုအကြိတ်အနယ်ရှိလာခဲ့သည်။ ပွဲချိန် ၅၂မိနစ်တွင် ဖူးလ်ဟမ်ဂိုးသမား တိုနီဝါနာ၏ အမှားတစ်ကွက်ကြောင့် ဂိုးဝင်သွားခဲ့ရာ ဝက်စ်ဟမ်းအသင်းမှာ နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေခဲ့သည်။

ဘောလုံးယှဉ်လု

ချာလ်တန်အသင်းမှ ဟာမန်း ဟိုင်ဒါဆန်နှင့် ချယ်လ်ဆီးအသင်းမှ မိုက်ကယ်အက်ဆီယန်တို့ ဘောလုံးယှဉ်ပြိုင်လုကြစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပွဲချိန် ၆၆မိနစ်တွင် ဖူလ်ဟမ်အသင်းမှ လူးဝစ်ဘိုအောမော့တ်က ကိုက် ၂၀အကွာမှနေ၍ ချေပဂိုးတစ်ဂိုး ကန်သွင်းယူနိုင်ခဲ့သည်။

ပို့စ်မောက်-ဘာမင်ဂန်

ပထမပိုင်းမပြီးမီ အချိန်အနည်းငယ်အလိုတွင် ပို့စ်မောက်အသင်းမှ တိုက်စစ်မှူး ဒါရီယိုဆေးလ်ဗားအား နောက်မှကန်လိုက်သဖြင့် ဘာမင်ဂန်အသင်းမှ နစ်ကီဘတ် ထုတ်ပယ်ခံခဲ့ရသည်။

ပွဲစတင်ပြီးမကြာမတင်မှပင် တစ်ဖက်လျှင် တစ်ဂိုးစီ သွင်းယူခဲ့သည်။ ပို့စ်မောက်အသင်းအတွက် တိုက်စစ်မှူး လိုမာနာလူယာလူယာကလည်းကောင်း၊ ဘာမင်ဂန် အသင်းအတွက် ချက်ကွင်းလယ်ကစားသမား ဂျီရီဂျာရိုဆစ်ကလည်းကောင်း ပွဲချိန် ၄မိနစ်နှင့် ၆မိနစ် တို့တွင် အသီးသီး သွင်းယူနိုင်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတော်အကြီးအကဲက စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် အထူးအလေးထား စက်မှုလယ်ယာစနစ်သို့ ရောက်ရှိရေး လယ်ယာသုံးစက်များ ပြည်တွင်း၌ ထုတ်လုပ် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေး တိုးတက်ဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မွန်ပြည်နယ် ပေါင်မြို့နယ် သဲအိမ်ကျေးရွာ ပညာဘဏ်စာကြည့်တိုက်ဖြစ်သည့် ရွှေစာကြည့်တိုက်သို့ ပြန်ကြားရေးဝန်ကြီးဌာနက ပေးပို့လှူဒါန်းသော သုတ၊ ရသ စာအုပ်မျိုးစုံ ၁၆၇အုပ်နှင့် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော အလှူငွေများကို သဲအိမ်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချောနှင့် စာကြည့်တိုက်မှူး ဦးအုန်းလှိုင်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၁၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါ၍ ရန်ကုန်မြို့မှ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ မော်တော်ယာဉ်များဖြင့် သွားရောက်၍ မွန်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ မိုးစပါးနှင့် ရော်ဘာစိုက်ပျိုးမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်း စီမံဆောင်ရွက်ပေးသည်။

စစ်တောင်းမြစ်ကူးတံတား

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့ကို ဆက်သွယ်ထားသော စစ်တောင်းမြစ်ကူးတံတားသို့ ရောက်ရှိကြရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ကြိုဆိုပြီး ကျိုက်ထိုမြို့နယ် မုပ္ပလင်ကျေးရွာရှိ စစ်တောင်းတံတား(မုပ္ပလင်) တည်ဆောက်ရေး စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❀

နိုင်ငံတော်၏အား၊ ရပ်ရွာလူထု၏အားတို့ ပေါင်းစည်းမှုဖြင့် ကျေးလက်များဖွံ့ဖြိုး လဲချားမြို့နယ်၊ မတ်လန်းရွာ၌ ကျေးလက်ဖွံ့ဖြိုးရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်း

မတ်လန်းကျေးရွာသည် သီးနှံအထွက်ကောင်းသဖြင့် ဝမ်းစာဖူလုံပြီး အာဟာရချို့တဲ့သူမရှိ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှု ပညာပေးမှုတို့ကြောင့် ကျန်းမာရေးသုခ ခံစားရ

ရန်ကုန် စက်တင်ဘာ ၁၈

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသအတွင်း ဘက်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲညီညီ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်မှုကြောင့် တည်ငြိမ်အေးချမ်းမှုနှင့်အတူ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍအသီးသီးတို့သည် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာလျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အတွက် ရှမ်းပြည်နယ်ရှိ ကျေးလက်ဒေသများသည် ဘက်စုံဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

လှိုင်လင်ခရိုင် အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် သမားတော်ကြီးများက လဲချားမြို့နယ် မတ်လန်းကျေးရွာ ဒေသခံပြည်သူများအား အခမဲ့ ဆေးဝါးကုသပေးစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်သည့်အနေဖြင့် လဲချားမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအဖွဲ့တို့ ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျန်းမာရေးနှင့် ပညာရေး အထောက်အကူပြု ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၂နာရီတွင် လဲချားမြို့နယ် မတ်လန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မတ်လန်းကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ●

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး